# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဓမ္မပဒ ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ နတ်တော်လကွယ်နေ့ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၅)၊ အမှတ်(၀၇၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ

## မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

### နှစ်နိုင်ငံအကြား ခိုင်မာပြီး ရှည်လျားသည့် သံတမန်ဆက်ဆံမှုရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Azeddine BECHKA က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား ခိုင်မာပြီး ရှည်လျားသည့် သံတမန်ဆက်ဆံမှုရှိသည့် အခြေအနေများ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊

*စာမျက်နှာ ၃ ကော်လံ ၅* ❑



**သံအမတ်ခန့်အပ်လွှာ ပေးအပ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Azeddine BECHKA က ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။




## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

**(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**





❑ *ရှေ့ဖုံးမှ*

ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် မကြာမီကာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Azeddine BECHKA တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားသံအမတ်ကြီး H.E. Mr. Azeddine BECHKA အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် အလားအလာရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Ms. Prabashini Ponnamperuma ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဆိုရှယ်လစ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Prabashini Ponnamperuma အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ကောင်းစစ်ရေးရာကိစ္စရပ်များအပါအဝင် ကဏ္ဍစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပူတာအိုမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပူတာအိုမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုမြို့သို့ ရောက်ရှိကြရာ လေဆိပ်တွင် ပူတာအိုခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ဆင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပူတာအိုခရိုင်/ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများအား တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များနှင့် မြို့မိမြို့ဖများကို ပူတာအိုမြို့ရှိ ဖုန်ကန်ရာဇီခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ ပူတာအိုခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အတွင်းရှိ ဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ချေးငွေများထုတ်ချေးထားရှိမှု၊ ဒေသအတွင်း ဆန်စပါးနှင့် ဆီဖူလုံမှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိမှု၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ခရိုင်အတွင်း MSME လုပ်ငန်းများဆောင်ရွက်နေမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးခေါင်လန်ဒီးက ဒေသဝမ်းစာအတွက် ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီချိန်တွင် မြစ်ကြီးနား-ပူတာအို လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် စားရေရိက္ခာများ၊ ဆေးဝါးများ၊ လယ်ယာသုံးစက်များ အသုံးပြုရန်အတွက် စက်သုံးဆီများကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးမှုအတွက် ကျေးဇူးတင်ရှိမှု၊ ပူတာအို၏ အဓိကလမ်းမကြီးဖြစ်သည့် မြို့တွင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဆိုလာစနစ်သုံးလမ်းမီး တပ်ဆင်ပေးနိုင်ရန်နှင့် ဒေသအတွင်း အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ရာတွင် အဆင်ပြေစေရန်အတွက် ပူတာအိုမြို့၌ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနများ လာရောက်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ဒေသခံပြည်သူ ဦးမြင့်အောင်က မွေးမြူရေး လုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် တိရစ္ဆာန်အစာများ လုံလောက်စွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးစေလိုမှုတို့ကို တင်ပြကြသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းတင်ပြမှုများအပေါ် ပူတာအိုခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ စပါးစိုက်ကေများ တိုးချဲ့စိုက်ပျိုးခြင်းထက် ရှိပြီး စိုက်ကေများကို ပန်းတိုင်အထွက်နှုန်း ပြည့်မီရန်လိုကြောင်း၊ ၄၉ ဒသမ ၀၈ ရာခိုင်နှုန်းသာ ထွက်ရှိ၍ သတ်မှတ်ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လိုအပ်သည့် ယူရီးယားသဘာဝဓာတ်မြေဩဇာနှင့် သွင်းအားစုများ ဖြည့်တင်းခြင်းနှင့် သတ်မှတ်ကောက်ကွက် ပြည့်မီအောင် စိုက်ပျိုးရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ တောင်သူများ စိုက်ပျိုးရေး အသိပညာများရရှိရေး ဆောင်ရွက်သွားရန်၊ MSME ကဏ္ဍနှင့် ပတ်သက်၍ ခရိုင်အတွင်း စားကုန်၊ သောက်ကုန်၊ သုံးကုန်များ ဒေသအတွင်း ဖူလုံစွာ ထုတ်လုပ်သွားရန်၊ မင်္ဂဇ-ခေါင်လန်ဖူးလမ်းပေါ်ရှိ ဆန်းလွှတ်ချက် ရောက်ပြီး ၆ မိုင်အပိုင်းမှ ခေါင်လန်ဖူးအထိ အချို့နေရာများတွင် မြေပြိုလမ်းပိတ်ဆို့မှုများအား ပြည်သူများသွားလာရေး အဆင်ပြေစေရန်အတွက် ရှိသည့် စက်အင်အား၊ လူအင်အားတို့ တိုးမြှင့်၍ အမြန်ဆုံးရှင်းလင်းဆောင်ရွက်သွားရန်၊ ပူတာအိုမြို့ သောက်သုံးရေ ဖူလုံစွာရရှိမှုမှာ ၄၇ ရာခိုင်နှုန်းသာရှိသဖြင့် သောက်သုံးရေ ဖူလုံစွာရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်သွားရန်နှင့် ရေဝေရေလွှဲနေရာများ၌ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းသွားရန် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပူတာအိုဒေသမှ ဒေသခံ တိုင်းရင်းသား ပြည်သူများအနေဖြင့် ခေတ်အဆက်ဆက်၌ပင် တပ်မတော်နှင့် လက်တွဲကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အတူတကွ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲမှလည်း များစွာအားထားသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ ပူတာအိုမြို့ရှိ သက်ဆိုင်ရာ တာဝန်ရှိသူများက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားသည်ကို တွေ့ရှိရကြောင်း။

## ဒေသထွက်ကုန်ပစ္စည်း တိုးမြှင့်ထုတ်လုပ်

ပူတာအိုဒေသသည် ကချင်ပြည်နယ်ဝန်ကြီးချုပ်၏ ကြိုးပမ်းမှုဖြင့် ယခုစပါး ဖူလုံမှုရှိလာပြီဖြစ်ကြောင်း၊ စားသုံးဆီဖူလုံမှု အနည်းငယ်လိုအပ်ချက်ရှိသဖြင့် ဆက်လက်ကြိုးပမ်း၍ ဒေသအတွင်း ဖြစ်ထွန်းနိုင်မည့် ဆီထွက်သီးနှံများကို စိုက်ပျိုးကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးကောင်းနေရန်လိုကြောင်း၊ သို့မှသာ ဒေသအတွင်း ကုန်စည်စီးဆင်းမှုရှိစေရေး ဒေသနှင့်ကိုက်ညီသည့် ထွက်ကုန်ပစ္စည်း တိုးမြှင့်ထုတ်လုပ်သွားရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ MSME ချေးငွေများဖြင့် ထုတ်ချေးပေးထားပြီးဖြစ်၍ စနစ်တကျ အကျိုးရှိစွာ စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ အချင်းချင်း အသိပညာဖလှယ်ခြင်း၊ သက်ဆိုင်ရာ ဝန်ထမ်းများကလည်း စိတ်ပါဝင်စားစွာဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများကို တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရန်အတွက် အဓိကလိုအပ်သည်မှာ ငွေကြေးအရင်းအနှီးဖြစ်ကြောင်း၊ အရင်းအနှီးရရှိမှသာ ဆောင်ရွက်လိုသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်မည် ဖြစ်ကြောင်း၊ ပူတာအိုဒေသတွင် ရှားပါးဆေးဖက်ဝင်ပစ္စည်းများ နိုင်ငံတကာအဆင့်မီ ဂရိတ်ဖုသီး၊ အမေရိကန်သံပရာသီး၊ ဝါရှင်တန်သီးများ ဖြစ်ထွန်းသည့်အပြင် အိမ်နီးချင်းနိုင်ငံသို့ တင်ပို့နိုင်သည့် ဟင်းခတ်အမွှေးအကြိုင် ရှာကော၊ ပါကော ထွက်ရှိရာဒေသဖြစ်၍ နားလည်တတ်ကျွမ်းသည့် ပညာရှင်များဖြင့် ပူးပေါင်းပြီး စနစ်တကျ ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်အချက်များကို တာဝန်ရှိသူများဖြင့် တိုင်ပင်ဆွေးနွေးတင်ပြရမည်ဖြစ်ကြောင်း။

ဆက်လက်၍ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ *စာမျက်နှာ ၅ သို့*

❑ **ဒေသဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးကောင်းနေရန်လို၊ ဒေသအတွင်း ကုန်စည်စီးဆင်းမှုရှိစေရေး ဒေသနှင့်ကိုက်ညီသည့် ထွက်ကုန်ပစ္စည်း တိုးမြှင့်ထုတ်လုပ်သွားရန်လို**

● **နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ MSME ချေးငွေများဖြင့် ထုတ်ချေးပေးထားပြီးဖြစ်၍ စနစ်တကျ အကျိုးရှိစွာ စီမံဆောင်ရွက်သွားရန်လို**

◆ *ကျော်ဖုံးမှ*

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင်တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တစ်ဦးချင်း လိုက်လံကြည့်ရှု၍ ဒဏ်ရာရရှိမှု၊ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်လာမှု အခြေအနေများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနား မြို့ရှောင်လမ်းအတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များကို လိုက်လံကြည့်ရှုစစ်ဆေးကာ အိမ်ထောင်သည် လိုင်းခန်းတွင် ရဲမေများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ရိပ်သာညှော့ခန်းမ၌ ပြည်နယ်/ခရိုင်/မြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ၍ ပြည်နယ်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကချင်ပြည်နယ်ရှိ ပြည်နယ်/ ခရိုင်/ မြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ၍ ပြည်နယ်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားစဉ်။

တွေ့ဆုံစဉ် ကချင်ပြည်နယ် ပညာရေးမှူးက ပြည်နယ်အတွင်း ယခုနှစ် Grade–12 ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဒုတိယဥက္ကဋ္ဌဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က ဆွေးနွေးပြောကြားရာတွင် ယခုနှစ် ဖြေဆိုကြမည့် Grade–12 စာမေးပွဲနှင့် ပတ်သက်၍ ကချင်ပြည်နယ်၏ ယမန်နှစ် Grade–12 စာမေးပွဲအောင်ချက် ရာခိုင်နှုန်းနှင့် အဆင့်ထက် မလျော့ကျသွားအောင် ယခုနှစ် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို ထူးချွန် အောင်မြင်စေရန်နှင့် အောင်ချက် ရာခိုင်နှုန်း ဆက်လက်မြင့်မားစေရေး၊ တန်းစဉ်ကူးပြောင်းမှုနှင့် ပတ်သက်၍ အတန်းအလိုက် နှစ်စဉ် အပြည့်အဝ တန်းစဉ် ကူးပြောင်းနိုင်ရေး တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် မိဘများက အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ထို့ပြင် ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများကို စာပေပညာသင်ကြားပေးရာတွင် တန်းစဉ်အလိုက် စာကျေအောင်၊ စာတတ်အောင် လေ့ကျင့်သင်ကြားပေးကြရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များကို ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

ယခုရွေးကောက်ပွဲသည် တပ်မတော်က ဦးဆောင်ကျင်းပပြုလုပ်ခြင်း ဖြစ်သဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများ မဖြစ်ပေါ်စေရေး ဆောင်ရွက်ရန် စီမံထားပါကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်မှသာ လွှတ်တော်ကိုခေါ်ယူ၍အသစ်ဖွဲ့စည်းမည့် အစိုးရအား နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းပေးအပ်သွားနိုင်မည်ဖြစ်ကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်၍ မရနိုင်သည့် ဒစ်ဂျစ်တယ်စနစ်ဖြင့် မဲပေးသည့်စနစ် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယင်းစနစ်ကို နိုင်ငံပေါင်း ၃၄ နိုင်ငံက အသုံးပြု၍ ရွေးကောက်ပွဲများ ကျင်းပခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် လူဦးရေ ၁ ဒသမ ၄၆ ဘီလီယံရှိပြီး မိမိနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများထက်ပင် ပို၍ များပြားကြောင်း၊ ထိုသို့လူဦးရေများပြားသည့် အိန္ဒိယတွင်ပင် အသုံးပြုလျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း။

**မဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး**

မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် ပါတီစုံဒီမိုကရေစီလျှောက်လမ်းသည့် နိုင်ငံတွင် နေထိုင်သူများဖြစ်၍ ရွေးကောက်ပွဲတွင် မဲပေးရန် တစ်ဦးချင်းစီ၌ တာဝန်ရှိကြောင်း၊ လူငယ်များအနေဖြင့်လည်း နိုင်ငံတော်တာဝန်များကို တစ်ချိန်တွင် ဒီမိုကရေစီစနစ်နှင့်အညီ ပခုံးပြောင်း တာဝန် ထမ်းဆောင်ကြမည့်သူများ ဖြစ်သဖြင့် ယခုကျင်းပမည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဖြစ်မနေ ပါဝင်၍ မဲပေးကြရမည်ဖြစ်ကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ် ရေးကတ်ပြား ရှိသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက မဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး ကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲပေးရာတွင်လည်း မဲပေးမည့်ကိုယ်စားလှယ်သည် တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းလိုက်နာမည့်သူ၊ မိမိဒေသကောင်းကျိုး ဆောင်ရွက်နိုင်သူ၊ အကျင့်စာရိတ္တ ကောင်းမွန်သူ၊ ကျန်းမာကြံ့ခိုင်ပြီး အဖွဲ့အစည်းကို ဦးဆောင်ဦးရွက်ပြုလုပ်နိုင်သူများကို ရွေးချယ်၍ ဆန္ဒမဲများ ပေးနိုင်ရန်လိုကြောင်း။

**ပညာရေးကဏ္ဍ အောင်ချက်ရာခိုင်နှုန်းမြင့်မားရေး**

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ မြစ်ကြီးနားမြို့၏ ယမန်နှစ် Grade –12 အောင်ချက်ရာခိုင်နှုန်းကို အတုယူ၍ ပူတာအိုခရိုင်အတွင်း ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပမည့် Grade –12 စာမေးပွဲတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စာမေးပွဲထူးချွန်စွာ အောင်မြင်ရန်နှင့် အောင်ချက်ရာခိုင်နှုန်း မြင့်မားအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် KG တန်းမှစ၍ Grade–12 အထိ ကျောင်းသားလူငယ်များ စာကျေအောင်၊ စာတတ်မြောက်အောင် သင်ကြားပေးရန် လိုကြောင်း၊ စာကျေစာတတ်မှသာ ၎င်းတို့၏ ဘဝတွင် အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ မိမိဒေသအတွင်း ထူးချွန်သည့် ဆရာဝန်၊ အင်ဂျင်နီယာများ ကအစ ပညာတတ်လူသားအရင်းအမြစ်များစွာ ပေါ်ထွက်လာမည်ဖြစ်ပြီး မိမိဒေသအကျိုးအတွက် ပြန်လည်တာဝန်ထမ်းနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း လူငယ်များ ကျောင်းစာသင်ကြားမှုနှင့် တန်းစဉ်ကူးပြောင်းရေးတွင် အားနည်းနေသေးသည့်အတွက် အစိုးရ၊ မိဘ၊ ကျောင်းသား ကျောင်းသူ၊ ရပ်မိရပ်ဖများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် စာပေဖတ်ရှုလေ့လာခြင်းများကိုလည်း အလေ့အထကောင်းတစ်ခုအဖြစ် ဖတ်မှတ်လေ့လာကြရန် ရှိပြီး စာကြည့်တိုက်များ ပိုမိုပြည့်စုံရန် လိုကြောင်း၊ ထိုသို့ စာပေဖတ်ရှုခြင်းအားဖြင့် အသိပညာ ဗဟုသုတများရရှိလာပြီး အမှားနှင့် အမှန်၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်ပြီး တွေးခေါ်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲအနေဖြင့်လည်း ပူတာအိုဒေသအား ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အလေးထားကာ လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းလျက်ရှိကြောင်း၊ ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူများ၊ သစ္စာရှိ နိုင်ငံ့ဝန်ထမ်းအားလုံးအနေဖြင့် မိမိနေထိုင်ရာဒေသ၊ မိမိတာဝန်ထမ်းဆောင်ရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပူတာအိုမြို့ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံတော်၏ လေထု၊ မြေထု၊ ရေထုများကို တစ်လက်မမျှ ကျူးကျော်မှုမရှိစေရေး ကာကွယ်ပေးရန်မှာ မိမိတို့တာဝန်ဖြစ်






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပူတာအိုမြို့ရှိ တပ်နယ်ခန်းမ၌ ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် မိမိတို့တပ်မတော်သားများသည် သစ္စာ ၄ ချက်ကို နေ့စဉ်ရွတ်ဆိုနေကြသူများဖြစ်သည့်အတွက် သစ္စာ ၄ ချက်အပေါ်တွင် သစ္စာစောင့်သိ၊ သစ္စာရှိရန်လိုကြောင်း၊ မိမိနိုင်ငံအပေါ်၊ မိမိနိုင်ငံသားများအပေါ်၊ မိမိတပ်မတော်သားများအပေါ်တွင် သစ္စာစောင့်သိသွားကြရန် လိုကြောင်း၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကို ကာကွယ်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လေထု၊ မြေထု၊ ရေထုများကို တစ်လက်မမျှကျူးကျော်မှုမရှိစေရေး ကာကွယ်ပေးရန်မှာ မိမိတို့တာဝန်ဖြစ်ကြောင်း။

ထိုသို့ ကာကွယ်နိုင်ရန်အတွက် တပ်မတော်အနေဖြင့် အင်အားတောင့်တင်းပြီး စွမ်းရည်သုံးရပ်ပြည့်စုံနေရန်လိုကြောင်း၊ တစ်ဦးချင်း၏ တိုက်ပွဲဝင်စိတ်ဓာတ်ကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်တို့ဖြင့် သင်ယူထားသော စစ်ပညာများကို ကြံရည်ဖန်ရည်ဖြင့် အသုံးချနိုင်ရန် လိုအပ်ပြီး စစ်မြေပြင်တွင် တစ်ဦးချင်း၏ တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍ အဖွဲ့အစည်း၏ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်နိုင်ရန် လိုအပ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားထားသည့်စစ်ပညာများကို ကျွမ်းကျင်အောင်လေ့ကျင့်နေရန်နှင့် ပြောင်းလဲတိုးတက်နေသည့် စစ်နည်းဗျူဟာများကိုလည်း အမြဲမပြတ်လေ့လာနေရန် လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှ တိုက်ပွဲဝင်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် လုပ်ဆောင်သွားကြရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားထားရှိသည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကိုလည်း "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့အကြိမ်ကြိမ်အဖန်ဖန်လေ့ကျင့်မှသာ ကျွမ်းကျင်မှုရှိ၍ မိမိကိုယ်ကိုယုံကြည်မှုရှိလာမည်ဖြစ်ပြီး တိုက်ပွဲဝင်သည့်အခါ ရဲစွမ်းသတ္တိများဖြင့် ရဲသုံးရဲဖြင့် အောင်ပွဲခံနိုင်မည်ဖြစ်ကြောင်း၊ လေ့ကျင့်ရာတွင်လည်း တစ်ဦးချင်းသာမက အဖွဲ့လိုက်ပါလေ့ကျင့်နိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ရန်လိုအပ်ပြီး အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေး သတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့် ဖြစ်ရမည်ဆိုသည့် "မြဲ(၃)မြဲ"နှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

### သင့်လေးသင့်ကိုလိုက်နာ

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ တပ်ရင်း/တပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ စားဝတ်နေရေး၊ သွားလာရေးနှင့် ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများကို တာဝန်ရှိသူများအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်၊ ညီညွတ်မျှတစွာ အုပ်ချုပ်ကွပ်ကဲကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်နှင့် ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အထက်နှင့်အောက် အပြန်အလှန် လေးစားယုံကြည်မှုရှိပြီး စိတ်အေးချမ်းသာစွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ဦးစီးချုပ်၏ အမြဲလမ်းညွှန်မှာကြားချက်ဖြစ်သည့် သင့်လေးသင့်ကို လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည်နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန် အထူးလိုအပ်ကြောင်း။

မကြာမီ ကျင်းပပြုလုပ်မည့် လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တပ်မတော်က ဦးစီးကျင်းပသွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများမဖြစ်ပေါ်စေရေး အထူးဂရုပြုဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် မဲမသမာမှုများပြုလုပ်၍ မရနိုင်သည့် ဒစ်ဂျစ်တယ်ဖြင့် မဲပေးသည့်စနစ် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယင်းစနစ်ကို နိုင်ငံတကာတွင်လည်း ရွေးကောက်ပွဲများတွင် အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပြည်သူများ စိတ်အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသည့်အတွက် လုံခြုံရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနေပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်း၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

### ဦးဆောင်ဦးရွက်ပြုလုပ်နိုင်သူများကို ရွေးချယ်

မဲပေးရာတွင်လည်း မဲပေးမည့်ကိုယ်စားလှယ်သည် တပ်မတော်နှင့် စိတ်တူ ကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းလိုက်နာမည့်သူ၊ မိမိဒေသကောင်းကျိုးဆောင်ရွက်နိုင်သူ၊ အကျင့်စာရိတ္တ ကောင်းမွန်သူ၊ ကျန်းမာကြံ့ခိုင်ပြီး အဖွဲ့အစည်းကို ဦးဆောင်ဦးရွက်ပြုလုပ်နိုင်သူများကို ရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၅၁ သန်းကျော်ရှိပြီး လူဦးရေ ၅၁ သန်းတွင် ကျောင်းနေအရွယ်များကို ကြည့်မည်ဆိုပါက ကလေးငယ် ၁၀ ဦးလျှင် ၉ ဦးသည် ကျောင်းတက်လျက်ရှိကာ ၉၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကျောင်းနေအရွယ် အသက် ၁၀ နှစ်မှ ၁၄ နှစ်တွင် ၉၄ ဒသမ ၈ ရာခိုင်နှုန်းတွေ့ရှိရကြောင်း၊ ကျောင်းနေအရွယ် အသက် ၁၅ နှစ်မှ ၁၉ နှစ် အခြေခံပညာအဆင့်တွင် ၄၅ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး အသက် ၂၀ နှစ်မှ ၂၄ နှစ် တက္ကသိုလ်အဆင့်တွင် ၁၅ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရပြီး အသက် ၂၅ နှစ် အထက်တွင် မရှိသလောက် နည်းပါးကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် များစွာအားနည်းမှုရှိနေသည့်အတွက် မိမိတို့တပ်နယ်အတွင်း မိသားစုဝင်များ၏ သားသမီးများ တန်းစဉ်ကူးပြောင်းမှုတွင် အားလုံးပါဝင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပတော့မည့် Grade-12 စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် တပ်နယ်မှ ကျောင်းသား ကျောင်းသူများ ထူးချွန်စွာအောင်မြင်စေရေး တာဝန်ရှိသူများနှင့် မိဘများအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

☆ **မဲပေးရာတွင်လည်း မဲပေးမည့်ကိုယ်စားလှယ်သည် တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းလိုက်နာမည့်သူ၊ မိမိဒေသကောင်းကျိုးဆောင်ရွက်နိုင်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ ကျန်းမာကြံ့ခိုင်ပြီး အဖွဲ့အစည်းကို ဦးဆောင်ဦးရွက်ပြုလုပ်နိုင်သူများကို ရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန်လို**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ယာဉ်/ စက်ပစ္စည်းကိရိယာများ ခင်းကျင်းပြသခြင်းနှင့် လျောင်ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြခြင်း ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**
အင်အားပြင်း မန္တလေးငလျင်ကြီးဖြစ်စဉ်တွင် နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများအပေါ် သုံးသပ်ချက်၊ သင်ခန်းစာဖော်ထုတ်ချက်များအရ မီးသတ်ဦးစီးဌာနတွင် ဖွဲ့စည်းထားရှိသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (National Search and Rescue Team) ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အပြည်ပြည်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး အကြံပေးအဖွဲ့ (International Search and Rescue Advisory Group – INSARAG) ၏ အသိအမှတ်ပြု Medium Team အဖြစ် ဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်စုဖွဲ့ပြင်ဆင်လေ့ကျင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်မှ လိုအပ်သော ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ယာဉ်/ စက်ပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ ယာဉ်/ စက်ပစ္စည်းကိရိယာများနှင့်အတူ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (National Search and Rescue Medium Team) များ၏ လျောင်ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်မှု ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**



ဦးစွာ နေပြည်တော် ဗဟိုမီးသတ်စခန်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ခေတ်မီယာဉ်/ စက်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက Medium Team နှစ်ခုကို သတ်မှတ်ယာဉ်/ စက်ပစ္စည်းများဖြင့် ပြင်ဆင်စုဖွဲ့ လေ့ကျင့်ခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (National Search and Rescue Medium Team) များက နိုင်ငံတကာသို့ သွားရောက်ကူညီကယ်ဆယ်ရေး ဆောင်ရွက်သည့် လုပ်ငန်းစဉ်များကို ဇာတ်တိုက်လေ့ကျင့်မှုပုံစံဖြင့် ဖြစ်စဉ်ဖွဲ့ကာ သရုပ်ပြရာ ဦးစွာ အင်းဖြစ်ပွားနိုင်ငံအနေဖြင့် မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှု သတင်းရရှိ၍ ဒေသခံ Local USAR Team များက ရောက်ရှိနေရာယူပြီး မျက်မြင်လူနာများကယ်ထုတ်ခြင်း၊ တည်နေရာအန္တရာယ်ရှိမှုနှင့် ရှာဖွေတွေ့ရှိချက်များကို နိုင်ငံတကာသုံး INSARAG Marking System အသုံးပြု၍ အမှတ်အသားပြုလုပ်ခြင်း၊ စနစ်တကျ မှတ်တမ်းတင်မှု Work-site and Victim Marking ပြုလုပ်ခြင်း၊ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Myanmar Urban Search and Rescue Team – MUSAR) က သတင်းလက်ခံရရှိ၍ အင်းဖြစ်နိုင်ငံသို့ ထွက်ခွာခြင်း၊ International Responders များအတွက် Airport-based Reception & Information Gateway ဖြစ်သည့် Reception and Departure Centre – RDC ဖြတ်ကျော်ခြင်း၊ လုပ်ငန်း Area များကို တိတိကျကျ Sectoring & Tasking ဆောင်ရွက်ပေးသည့် (USAR Coordination Cell – UCC) နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ MUSAR Team ၏ စနစ်တကျ အခြေပြုနေထိုင်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များဖြစ်သည့် လုပ်ငန်းခွင်စီမံခန့်ခွဲမှု၊ ပစ္စည်းကိရိယာများ၊ ဆေးဝါး၊ စားသောက်ကုန်စီမံထိန်းသိမ်းမှု၊ နေရာချထားမှု (Base of Operations–BoO) လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ Local USAR Team အဆင့်ဖြင့် ဆောင်ရွက်၍မရသည့် ပိတ်မိနေသူလူနာများကို MUSAR Team မှ ရှာဖွေခြင်း၊ ကယ်ဆယ်ခြင်း၊ ဆေးဝါးကုသမှုပေးခြင်း၊ OSOCC သို့ သတင်းပို့ခြင်းနှင့် ပြန်လည်ထွက်ခွာခြင်းစသည့် နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များနှင့်အညီ သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

Medium အဆင့်ရှိ USAR Team ၏ စွမ်းဆောင်ရည်မှာ ဘေးအန္တရာယ်ကျရောက်သည့် နေရာများမှ ပိတ်မိ/ ဝိမိ/ ပျောက်ဆုံးနေသူကို ရှာဖွေရေးခွေးဖြင့် ရှာဖွေခြင်း (Canine Search) နှင့် နည်းပညာအသုံးပြု ရှာဖွေခြင်း (Technical Search) တို့ကို ဆောင်ရွက်ရာတွင် လုပ်ငန်းနေရာ (Worksite) တစ်ခုလျှင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကြာချိန် ၂၄ နာရီဖြင့် ၇ ရက်တိုင်တိုင် ဆောင်ရွက်နိုင်ပြီး Medium USAR Team တွင် ပါဝင်သော ဆေးအဖွဲ့အနေဖြင့် ရှာဖွေတွေ့ရှိရသည့် လူနာများကို အရေးပေါ်ဆေးအကူအညီများ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ် (Assessment of Search and Rescue) ASR Level-4 အထိ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး အကြံပေးအဖွဲ့ International Search and Rescue Advisory Group(INSARAG) Guidelines များနှင့်အညီ မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ Urban Search and Rescue Team များ ဖွဲ့စည်းနိုင်ခြင်းဖြင့် ပြည်တွင်း၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင်လည်း နိုင်ငံ့ကိုယ်စားပြု ကူညီကယ်ဆယ်ရေး လုပ်ငန်းများ သွားရောက်လုပ်ကိုင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ နီးနှောဖလှယ်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**
(၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ တွင် ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပသည်။ **(ယာပုံ)**



မြန်မာ့ တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲဖွင့်ပွဲတွင် သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေး တက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ သိန်းဇော်လင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့က ဆောင်ရွက်ကာ သဘာပတိက အဖွင့်အမှာစကား ပြောကြားသည်။ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဥပဒေအကြံပေး ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နံနက်ပိုင်း နီးနှောဖလှယ်ပွဲတွင် ဆေးဝါးတက္ကသိုလ်မှ ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာ စံစန်းနွဲ့က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီအဖွဲ့ဝင် ဒေါ်ကြည်ဒွေးက ဆောင်ရွက်သည်။

ထို့နောက် တိုင်းရင်းဆေးပညာ ရှိရာကုထုံးနည်းစနစ်နှင့် ဆေးဝါးဆိုင်ရာ စာတမ်း ၁၀ စောင်ဖြစ်သော –"ဂုံရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အရိုးကျိုးရောဂါကုသနည်းကို လေ့လာခြင်း" ၊ "ဝိဇ္ဇာရေနယ ဝါဠုကယန္တရားရှောပြဖုတ်နည်းနှင့် ဆေးသုံးစွဲနည်း"၊ "ဆေးဖက်ဝင် နန္ဒင်းခါးပင်အကြောင်းလေ့လာခြင်း"၊ "တောလက်ဖက် (ခေါ်) ကြက်တက်ရွက်၏ ကျန်းမာရေး အကျိုးကျေးဇူးများကို လေ့လာတင်ပြခြင်း"၊ "တိုင်းရင်းဆေးကျမ်း များတွင် ဖော်ပြထားသည့် ဖန်ခါးပင်၏ ဆေးဖက်အသုံးပြုပုံများနှင့် သိပ္ပံနည်းကျသုတေသန တွေ့ရှိချက်များကို နှိုင်းယှဉ်လေ့လာခြင်း" စာတမ်းများ ဖတ်ကြားကြသည်။

မွန်းလွဲပိုင်း၌ နီးနှောဖလှယ်ပွဲကိုဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ နာယက ဆရာကြီး ဦးမြင့်လွင်က သဘာပတိအဖြစ်ဆောင်ရွက်ကာ သဘာပတိ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီနာယက ဦးသန်းညွန့်၊ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ပါမောက္ခ အောင်ကျော်မင်းတို့က ဆောင်ရွက်ပြီး "မူးယစ်ဆေးစွဲ ဝေဒနာရှင်များအား မြန်မာ့ရိုးရာတိုင်းရင်းဆေးနည်းဖြင့် ပြုစုကုသမှုအပေါ် လေ့လာ သုတေသနပြုခြင်း" ၊ "ပုဂ္ဂလပညတ် ဆေးပညာ၏ သဘောတရားများအား လေ့လာတင်ပြခြင်း"၊ "အကင်း(၁၀) ပါးဆေး (တိုင်းရင်းဆေးအမှတ်-၄၃) ကို အနာရောဂါများတွင် ကုသမှုအခြေအနေကို လေ့လာတင်ပြခြင်း" ၊ "အရိုးကျိုးခြင်းအား တိုင်းရင်းဆေးဖြင့် ကုသခြင်းကို လေ့လာတင်ပြခြင်း" ၊ "ရန်ကုန်တိုင်းရင်းဆေးရုံကြီး၌ အသုံးပြုလျက်ရှိသော မန်းဆေး၏လက်တွေ့ကုထုံးအပေါ် လေ့လာတင်ပြခြင်း" စာတမ်းများဖတ်ကြားပြီး နီးနှောဖလှယ်ပွဲ တက်ရောက်လာကြသူများက စာတမ်းများနှင့် ပတ်သက်၍ မေးမြန်းခြင်း၊ ပြန်လည်ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ကြကာ ပညာရပ်များ နီးနှောဖလှယ်ကြသည်။

ညနေပိုင်းတွင် (၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပပြီးစီးမှုအတွက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ညီလာခံနှင့် နီးနှောဖလှယ်ပွဲတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပေးကြပါသော ဆရာကြီး၊ ဆရာမကြီးများ၊ စာတမ်းရှင်များ၊ တိုင်းရင်းဆေးပြခန်းများ ပါဝင်ပြသကြသော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်များ၊ ညီလာခံနှင့် နီးနှောဖလှယ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့်အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ပြီး အခမ်းအနား အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# အမြင့်ပျံဖို့ တောင်ပံတစ်စုံ

မောင်ကောင်း

**"နိုင်ငံကိုဖိုးသုညတွေ၊ မယ်သုညတွေနဲ့ တည်ဆောက်လို့ မရဘူး"ဆိုတဲ့စကားကို ခေတ်အဆက်ဆက် နိုင်ငံ့အကြီးအကဲတွေ ပြောခဲ့ကြတာ နှစ်ပေါင်း ၇၀ ကျော်လောက်ကြာခဲ့ပါပြီ။ ဒီစကားဟာ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်ဖို့အတွက် အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ ကျွမ်းကျင်သူတွေ မရှိမဖြစ် လိုအပ်တယ်လို့ ဆိုလိုတာဖြစ်တယ်ဆိုတာ လူတိုင်းသိကြပြီးသားပါ။**

တစ်နည်းအားဖြင့် နိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်တဲ့ တန်ဖိုးမြင့် လူ့စွမ်းအားအရင်းအမြစ်ကို မဖြစ်မနေ ပြုစုပျိုးထောင်ကြဖို့ တိုက်တွန်းနှိုးဆော်ခြင်းလို့လည်း ဆိုနိုင်ပါတယ်။ လွတ်လပ်ရေးရပြီးခဲ့တာ နှစ်ပေါင်း ၈၀ နီးနီးလောက် ရောက်ရှိပြီးတဲ့အခါ မြန်မာနိုင်ငံရဲ့ ပညာရေးအခြေအနေ ဘယ်လိုအဆင့်အတန်းကို ရောက်ရှိခဲ့ပြီလဲလို့ကြည့်လိုက်မယ်ဆိုရင် အားရစရာမကောင်းဘူးလို့ ဆိုရမှာဖြစ်သလို မျှော်လင့်ချက်ကင်းမဲ့လောက်တဲ့ အခြေအနေမျိုးမဟုတ်ဘူးလို့လည်း ဆိုရမှာဖြစ်ပါတယ်။

**ပညာရေးအပေါ် ဘယ်လိုသဘောထားကြသလဲ**

လွန်ခဲ့တဲ့နှစ်အနည်းငယ်လောက်က မြန်မာနိုင်ငံအလယ်ပိုင်း ရွာလေးတစ်ရွာကို ကျွန်တော်ရောက်သွားခဲ့တယ်။ ရွာရဲ့အခြေခံစီးပွားရေးဟာ စိုက်ပျိုးရေးဆိုပေမယ့် စိုက်ပျိုးရေးကရတဲ့ဝင်ငွေကို ခေတ်လူငယ်တွေက စိတ်မဝင်စားကြတော့ဘူးလို့ ရွာခံတချို့နဲ့ စကားစမြည်ပြောရင်း သိခဲ့ရပါတယ်။ ရာသီသီးနှံတစ်ခုခုက ရမယ့်ဝင်ငွေဟာ ကျိန်းသေအကျိုးအမြတ်ရမယ်လို့ အာမမခံနိုင်ဘူး။ မသေချာဘူး။ ရွာမှာ အိမ်ကောင်းကောင်းနဲ့၊ ပြည့်ပြည့်စုံစုံနေနိုင်တဲ့သူတွေကိုကြည့်ရင် အများစုက နိုင်ငံခြားမှာ သွားအလုပ်လုပ်နေကြသူတွေရှိတဲ့ မိသားစုအိမ်တွေပဲတဲ့။ ဒီလိုနဲ့ စမတ်ဖုန်းကောင်းကောင်းတွေကိုင်နိုင်ဖို့၊ ဆိုင်ကယ်ကောင်းကောင်းစီးနိုင်ဖို့၊ ဝိုင်းကျယ်ကျယ်၊ အိမ်ကောင်းကောင်း၊ ရေခဲသေတ္တာ၊ အဲကွန်း၊ အဝတ်လျှော်စက် ပြည့်ပြည့်စုံစုံနဲ့ နေနိုင်ဖို့ အစရှိတဲ့ လူငယ်တွေရဲ့ အိပ်မက်တွေအတွက် အဓိကလိုအပ်ချက်က ပညာတတ်ကြီးဖြစ်အောင် အချိန်ကုန်၊ ငွေကုန်ခံပြီးသင်ဖို့မဟုတ်ဘဲ နိုင်ငံခြားမှာ သွားအလုပ်လုပ်ဖို့ ဖြစ်လာတယ်တဲ့။

ရွာထဲက လမ်းဆုံလမ်းခွတွေမှာ ကိုရီးယားစကားပြောသင်တန်း၊ ဂျပန်စကားပြောသင်တန်း စတဲ့ ကြော်ငြာစာရွက်တွေ ကပ်ထားတာကို တွေ့ရတတ်သလို တရားဝင်သလား၊ မဝင်သလား မသိရတဲ့ နိုင်ငံခြားအလုပ်အကိုင်ပွဲစားဆိုသူတွေ၊ လူခေါ်သူတွေကလည်း ရွာကို ရောက်ရောက်လာတတ်တယ်။ အလုပ်လုပ်နိုင်တဲ့အရွယ်ရောက်လာတဲ့လူငယ်၊အထူးသဖြင့်ယောကျ်ားလေးတွေအတွက် ဇာတိရပ်ရွာကို စွန့်ခွာဖို့၊ ပညာသင်လက်စကျောင်းကနေထွက်ဖို့ တွန်းအားတွေဖြစ်လာတယ်။ မိဘတွေ စုဆောင်းထားသမျှ ငွေကြေးတွေ၊ မစုဆောင်းနိုင်ခဲ့ရင်လည်း လက်ရှိပိုင်ဆိုင်ထားတဲ့ အိမ်ဝိုင်းခြံမြေ၊ ကျွဲ၊ နွားတွေကို ပေါင်နှံရောင်းချအရင်းအနှီးလုပ်ပြီး နိုင်ငံခြားမှာ သွားအလုပ်လုပ်ဖို့ကိုပဲ စိတ်အားထက်သန်လာကြတယ်တဲ့။

> **"ဒါ့အပြင် နိုင်ငံသားတွေ ပညာတတ်မြောက်မှု နည်းပါးနိမ့်ကျတာဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့လည်း တိုက်ရိုက်အချိုးကျနေတာကြောင့် ပညာမတတ်လို့ မဖွံ့ဖြိုး၊ မဖွံ့ဖြိုးလို့ ပညာမတတ်တဲ့ သံသရာထဲကျမသွားအောင် အားစိုက်ရုန်းထွက်ကြဖို့လည်း လိုပြန်ပါတယ်။ ဒါကြောင့် ကျောင်းမထွက်နဲ့ ကျောင်းတက်ကြဖို့ အားလုံးကတိုက်တွန်းနှိုးဆော်နေကြရမှာဖြစ်သလို ကျောင်းတက်နိုင်အောင် အခြေအနေကောင်းတွေ၊ ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးတည်ဆောက်ပေးကြရမှာ ဖြစ်ပါတယ်"**

အဲဒီလို သွားအလုပ်လုပ်နိုင်ဖို့ ဘယ်ဘာသာစကားမှ အပိုတတ်ကျွမ်းဖို့ မလိုအပ်သလို ဘာကျွမ်းကျင်မှုမှလည်း မလိုဘူး၊ ပင်ပန်းတာချင်းတူရင် နိုင်ငံခြားမှာက မြန်မာနိုင်ငံမှာထက် လုပ်ခလစာပိုရတယ်ဆိုပြီး ဆွယ်တဲ့သူတွေကလည်း ဆွယ်နေကြတယ်တဲ့။ မြန်မြန်သွားနိုင်ရင်၊ မြန်မြန်အကျိုးရှိတယ်လို့ ထင်မှတ်နေကြတယ်။ ဒါနဲ့ပဲ များပြားလှတဲ့ အရွယ်ကောင်းလူငယ်တွေ တရားဝင်နည်းနဲ့ရော တရားမဝင်နည်းနဲ့ပါ ပြည်ပနိုင်ငံတွေဆီကို ထွက်သွားကြတယ်။ ကိုယ့်နိုင်ငံကပညာတတ်တွေ တခြားနိုင်ငံတွေဆီ ထွက်သွားတာကို ဦးနှောက်ယိုစီးမှု(Brain Drain)လို့ဆိုရင် အလုပ်လုပ်နိုင်တဲ့လူငယ်တွေ ထွက်သွားခြင်းကလည်း ကြွက်သားယိုစီးမှု ဒါမှမဟုတ် လုပ်အားယိုစီးမှု (Muscle Drain)လို့ ဆိုရမှာဖြစ်ပါတယ်။ အခုဆိုရင် ပြည်ပရောက်မှ "သားမှားပြီ အမေရဲ့၊ သမီးမှားပြီ အမေရဲ့" ဆိုပြီး အွန်လိုင်းပေါ်တက်လာတဲ့ နောင်တသံတွေ မကြာခဏ တွေ့မြင်ရပေမယ့် လောလောဆယ် ဆင်းရဲမွဲတေတဲ့ဘဝကနေ ရုန်းထွက်နိုင်ဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဇွတ်တိုးဝင်ဖို့ ကြိုးစားနေတဲ့သူတွေ ရှိနေသေးတာမို့ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမှုတွေ လိုနေသေးတယ်လို့လည်း ရွာခံတချို့က ပြောပြတယ်။

**နာဝါလှေငယ်နဲ့ အဏ္ဏဝါရေပြင်ကျယ်**

မြန်မာ့လူ့အဖွဲ့အစည်းဟာ အစဉ်အလာအားဖြင့် ပညာသင်ယူမှုကိုအားပေးတဲ့ လူ့အဖွဲ့အစည်းဖြစ်ပါတယ်။ ရှေးကတည်းက ရဟန်းပညာရှိ၊ လူပညာရှိတွေရဲ့ ဆုံးမစာတွေ၊ နီတိကျမ်းတွေမှာ ပညာသင်ယူကြဖို့ တိုက်တွန်းထားတာတွေကို အများအပြားတွေ့နိုင်ပါတယ်။ ဒါပေမယ့်လည်း ခေတ်ကာလအလိုက် ဖြစ်ပေါ်နေတဲ့ လူမှုစီးပွားဘဝ ပတ်ဝန်းကျင်အခြေအနေတွေထဲမှာ အဆုံးအမတွေ၊ နီတိတွေလည်း မေ့လျော့ပစ်ပယ်ခံကြရပါတယ်။

"သေစာရှင်စာလောက်တတ်ရင် တော်ရောပေါ့" ဆိုတဲ့ စကားမျိုးကို ရှေးယခင်က ကျေးလက်ဒေသတွေမှာ အထူးသဖြင့် မိန်းကလေးတွေကို မိဘဆွေမျိုးတွေက ပြောလေ့ရှိကြတယ်လို့ ကြားဖူးပါတယ်။

သေစာရှင်စာဆိုတာ လိုအပ်လာရင် ရေးတတ်၊ ဖတ်တတ်ရုံလောက်ကိုပဲ ပြောတာဖြစ်ပါတယ်။ သူတို့ဘဝတစ်လျှောက် လုပ်ကိုင်ဆောင်ရွက်ကြရမယ့် အိမ်မှုကိစ္စတွေ၊ မိရိုးဖလာစီးပွားရေးဖြစ်တဲ့ လယ်ယာကိုင်းကျွန်းနဲ့ ကုန်ရောင်းကုန်ဝယ် အလုပ်အကိုင်တွေအတွက် ပညာကိုမြင့်မြင့်မားမား တတ်မြောက်နေစရာမလိုဘူးလို့ ခံယူထားကြလို့ပဲ ဖြစ်ပါတယ်။ တကယ်တော့ ပညာနည်းနည်း မဆိုစလောက်လေးနဲ့ ဘဝကို ရှင်သန်နေထိုင်သွားဖို့ဆိုတာ လှေငယ်လေးတစ်စင်းနဲ့ ပင်လယ်ပြင်ကျယ်ကြီးကို ဖြတ်သန်းကြသလို အန္တရာယ်ကြီးလွန်းလှတယ်ဆိုတာကို နားမလည်နိုင်ကြတာလည်း ဖြစ်ပါတယ်။

**ဒါ့အပြင် နိုင်ငံသားတွေ ပညာတတ်မြောက်မှု နည်းပါးနိမ့်ကျတာဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့လည်း တိုက်ရိုက်အချိုးကျနေတာကြောင့် ပညာမတတ်လို့ မဖွံ့ဖြိုး၊ မဖွံ့ဖြိုးလို့ ပညာမတတ်တဲ့ သံသရာထဲကျမသွားအောင် အားစိုက်ရုန်းထွက်ကြဖို့လည်း လိုပြန်ပါတယ်။ ဒါကြောင့် ကျောင်းမထွက်နဲ့ ကျောင်းတက်ကြဖို့ အားလုံးက တိုက်တွန်းနှိုးဆော်နေကြရမှာဖြစ်သလို ကျောင်းတက်နိုင်အောင် အခြေအနေကောင်းတွေ၊ ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးတည်ဆောက်ပေးကြရမှာ ဖြစ်ပါတယ်။**

**ကမ္ဘာပေါ်က ပျမ်းမျှကျောင်းတက်နှစ်**

ပျမ်းမျှကျောင်းတက်နှစ် (The average years of schooling) ဆိုတာဟာ နိုင်ငံတစ်နိုင်ငံရဲ့ လူဦးရေက သင်ယူပြီးမြောက်တဲ့ တရားဝင်ပညာရေးနှစ် ပျမ်းမျှအရေအတွက်ကို ကိုယ်စားပြုတဲ့ ကိန်းဂဏန်းဖြစ်ပါတယ်။ အဲဒီကိန်းဂဏန်းကို အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနဲ့ စီးပွားရေးအလားအလာ (national development and economic potential) ကို အကဲဖြတ်ရာမှာ အသုံးပြုပြီး လူ့စွမ်းအားအရင်းအမြစ်ရဲ့ အဓိကညွှန်ပြချက် (key indicator) လည်း ဖြစ်ပါတယ်။

နိုင်ငံအချို့ရဲ့ ပျမ်းမျှကျောင်းတက်နှစ်တွေကို ကြည့်မယ်ဆိုရင် ဂျာမနီ ၁၄ ဒသမ ၁၊ ကနေဒါ ၁၃ ဒသမ ၈၊ အိုက်စ်လန် ၁၃ ဒသမ ၈၊ အမေရိကန် ၁၃ ဒသမ ၇၊ ဂျပန် ၁၃ ဒသမ ၄၊ ယူကေ ၁၃ ဒသမ ၄၊ နိုင်ဂျာ ၂ ဒသမ ၁ စသည်ဖြင့် တွေ့နိုင်ပါတယ်။ ပျမ်းမျှ ကျောင်းတက်နှစ် အမြင့်ဆုံးနိုင်ငံတွေကိုကြည့်ရင် ပျမ်းမျှ ၁၄ နှစ်ဝန်းကျင်မှာတွေ့နိုင်ပြီး အနိမ့်ဆုံးနိုင်ငံတွေထဲမှာ မာလီ၊ ဂီနီ၊ ဘာကီနာဖာဆို၊ နိုင်ဂျာ စတဲ့ ဆာဟာရအောက်ပိုင်း အာဖရိကနိုင်ငံတွေ ပါဝင်ပါတယ်။ အနိမ့်ဆုံး ပျမ်းမျှ နှစ်နှစ်၊ သုံးနှစ် ဝန်းကျင်ခန့်သာ ရှိပါတယ်။ တောင်အာရှနိုင်ငံအများစုက ခုနစ်နှစ်အောက်ဖြစ်ပြီး ဝင်ငွေမြင့်မားတဲ့ နိုင်ငံအများစုက ၁၀ နှစ်အထက်မှာ ရှိပါတယ်။

နိုင်ငံတွေရဲ့ ပျမ်းမျှကျောင်းတက်နှစ်တွေဟာ အဲဒီနိုင်ငံက နိုင်ငံသားတွေရဲ့ ပျမ်းမျှပညာအရည်အချင်းဖြစ်ပါတယ်။ ဂျာမနီ၊ ကနေဒါ၊ အိုက်စ်လန်၊ အမေရိကန်၊ ဂျပန်၊ ယူကေနိုင်ငံသားတွေရဲ့ ပျမ်းမျှအရည်အချင်းဟာ တက္ကသိုလ်အဆင့်မှာရှိနေတာကို တွေ့နိုင်ပြီး မြန်မာနိုင်ငံသားတွေဟာ အလယ်တန်းအောက်အဆင့်၊ ဆာဟာရအောက်ပိုင်း အာဖရိကနိုင်ငံတွေက နိုင်ငံသားတွေရဲ့ ပျမ်းမျှပညာအရည်အချင်းက မူလတန်းအောက်အဆင့် စသည်ဖြင့် တွေ့နိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ အဲဒီနိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ လူနေမှုအဆင့်အတန်းတွေနဲ့ နှိုင်းယှဉ်အကဲခတ်လေ့လာကြည့်နိုင်ပါတယ်။

**မျက်မှောက်ကာလ မြန်မာ့ပညာရေးအခြေအနေ**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ အခန်း (၅) လူမှုစီးပွားဆိုင်ရာ အညွှန်းကိန်းများကဏ္ဍမှာ မြန်မာနိုင်ငံရဲ့ လူမှုစီးပွားရေးအခြေအနေကို ပညာရေး၊ လုပ်သားအင်အားနဲ့ မသန်စွမ်းမှုဆိုတဲ့ ခေါင်းစဉ်များနဲ့ အပိုင်း သုံးပိုင်းခွဲခြားဖော်ပြထားပါတယ်။ အဲဒီထဲက မြန်မာနိုင်ငံရဲ့ ပညာရေးအခြေအနေနဲ့ပတ်သက်လို့ ဖော်ပြထားတဲ့ထဲက အနည်းငယ်မျှ ကောက်နုတ်ပြီး ပြန်လည်တင်ပြလိုပါတယ်။ အပြည့်အစုံကိုတော့ သန်းခေါင်စာရင်း အစီရင်ခံစာမှာ ကြည့်ရှုလေ့လာကြဖို့ စာဖတ်သူတို့ကို တိုက်တွန်းလိုပါတယ်။

စာတတ်မြောက်မှုနဲ့ တွက်ချက်နိုင်မှုအခြေအနေက ပြည်ထောင်စုအဆင့်မှာ အသက် ၁၅ နှစ်နဲ့အထက် အရွယ်ရောက်ပြီးသူ ၁၀ ဦးလျှင် ကိုးဦး စာရေးနိုင်၊ ဖတ်နိုင်ပြီး စာတတ်မြောက်မှုနှုန်း ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။ အခြေခံသင်္ချာ တွက်ချက်နိုင်မှုအနေနဲ့ ၉၂ ဒသမ ၃ ရာခိုင်နှုန်း ရှိပါတယ်။ မြို့မှာနေသူ ၁၀၀ မှာ ၉၅ ယောက်နှုန်း၊ ကျေးလက်မှာနေသူ ၁၀၀ မှာ ၉၀ ရာခိုင်နှုန်း စာတတ်ကြတဲ့အတွက် မြို့မှာနေသူစာတတ်မြောက်နှုန်းက ပိုပါတယ်။

ကျောင်းတက်ရောက်မှု အခြေအနေကို ကြည့်ရင် မြန်မာနိုင်ငံရှိ အသက် ၃ နှစ်မှ ၂၅ နှစ်ကြား လူဦးရေ ၁၀ ဒသမ ၅ သန်းအနက် ၅၆ ဒသမ ၁ ရာခိုင်နှုန်းက လက်ရှိကျောင်းတက်နေကြပါတယ်။ ၃၄ ဒသမ ၁ ရာခိုင်နှုန်းက အရင်တုန်းက ကျောင်းတက်ခဲ့ဖူးတဲ့သူတွေဖြစ်ပြီး ကျောင်းလုံးဝမတက်ဖူးသူ ၉ ဒသမ ၈ ရာခိုင်နှုန်းရှိပါတယ်။

❖ **ငယ်တုန်းရွယ်တုန်း ခွန်အားဗလနဲ့ တက်ကြွတဲ့အရွယ်မှာ ကာယလုပ်အားကို အခြေပြုပြီး အသက်မွေးဝမ်းကျောင်းပြုကြရတာဟာ အကန့်အသတ်တွေရှိနေမှာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ ပြေလည်မှုရနိုင်ပေမယ့် အကြောင်းကြောင်းကြောင့် အလုပ်မလုပ်နိုင်တော့တဲ့အခါ မူလအခြေအနေ ဒါမှမဟုတ် ပိုပြီးဆိုးရွားတဲ့အခြေအနေကို ရောက်သွားနိုင်ပါတယ်။ ဒါ့အပြင် ကာယလုပ်အားကို အခြေပြုပြီးရရှိတဲ့ လုပ်ခ၊ လစာဆိုတာတွေကလည်း ရေရှည်မှာ ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်ဖို့ ခဲယဉ်းလှပါတယ်။ ဒါကြောင့်မို့ ငယ်ရွယ်စဉ် ပညာသင်ရမယ့်အရွယ်မှာ ပညာသင်ကြဖို့ကိုပဲ နှိုးဆော်တိုက်တွန်းကြရမှာ ဖြစ်ပါတယ်။ ဆင်းဆင်းရဲရဲနဲ့ ပညာသင်ကြားရတာဟာ ပိုပြီးရုန်းကန်အားထုတ်ကြိုးစားကြဖို့၊ ပိုပြီးလုံ့လဝီရိယ စိုက်ထုတ်ကြဖို့လိုတာ အမှန်ပါပဲ**

*စာမျက်နှာ ၉ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၁၀
ရက်
သာ လိုတော့သည်။

## အကြိမ်(၂၀)မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၁၇**

အကြိမ်(၂၀)မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ တောင်ကြီး ဟိုတယ်၌ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်ဝင်းဗိုလ်က မူးယစ်ဆေးဝါးပြဿနာသည် ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကြုံတွေ့နေရသည့် အဓိကပြဿနာဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် သုံးစွဲခြင်းသည် နိုင်ငံအတွင်းမှုခင်းများ များပြားလာစေသည့်အပြင် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်စေကြောင်း၊ မူးယစ်ဆေးဝါးဈေးကွက် ကျယ်ပြန့်လာခြင်းနှင့်အတူ အဂတိလိုက်စားမှု၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက် တိုက်ခိုက်မှုများအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ ဆက်စပ်ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုများကို ခြိမ်းခြောက်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများသည် လူငယ်မျိုးဆက်သစ်များ၏ ဘဝလုံခြုံရေးနှင့်



နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများ၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများကိုအခြေခံပြီး မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို နှစ်နိုင်ငံ ပူးပေါင်းပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုခိုင်မာအောင် တည်ဆောက်ခြင်းဖြင့် အကျိုးရလဒ်ကောင်းများ တိုးတက်ရရှိလိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်၊ ဒုတိယအတွင်းရေးမှူးချုပ်၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရို၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. ZHAO Zhongchen က မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်း၍ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီး အောင်မြင်မှုများစွာလည်း ရရှိခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကဏ္ဍတွင် ဓာတုပစ္စည်းများထိန်းချုပ်ရေးမှာ အလွန်အရေးကြီးကြောင်း၊ ဓာတုပစ္စည်းများ ထိန်းချုပ်ရေးအတွက် နှစ်နိုင်ငံသတင်းဖလှယ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းမည့် ဓာတုပစ္စည်းများကိုလည်း သေချာစွာစိစစ်လျက် ရှိပါကြောင်း၊ နှစ်နိုင်ငံ မူးယစ်တရားခံပြေးများ ဖမ်းဆီးရမိရေးနှင့် နိုင်ငံဖြတ်ကျော်မူးယစ်ဂိုဏ်းဖွဲ့ ကျူးလွန်မှုများ တားဆီးနှိမ်နင်းရေးတို့ကိုလည်း သတင်းဖလှယ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံ အမြင်ချင်းတူစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်များက နယ်စပ်ဒေသ လက်ရှိ မူးယစ်ဆေးဝါးအခြေအနေများနှင့် သတင်းဖလှယ်မှုအခြေအနေများ၊ ထိန်းချုပ် ဓာတုပစ္စည်းအခြေအနေများ၊ နယ်စပ်ဒေသပူးပေါင်း ဆောင်ရွက်မှုအခြေအနေများ၊ ဂြိုဟ်တုဓာတ်ပုံဖြင့် ဘိန်းခင်းတိုင်းတာခြင်းနှင့် (၂၁)ကြိမ်မြောက် အစည်းအဝေးကို တရုတ်နိုင်ငံမှ အလှည့်ကျအိမ်ရှင် အဖြစ် ကျင်းပနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်းခွဲဖွဲ့စည်း

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် ရန်ကင်းမြို့နယ်၌ ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းအမှတ်စဉ်(၄/၅/၆/၇-၂၀၂၅) သင်တန်းဆင်းပွဲနှင့် ပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်းခွဲဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်မြင့်အောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းသားထူးချွန်ဆုရ သင်တန်းသား သင်တန်းသူ ၂၀ အား တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်မြင့်အောင်၊ ကော်မတီဝင် ဦးရန်အောင်မျိုး၊ ကော်မတီဝင် ဦးနေဆန်းနှင့် သင်္ဃန်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်တို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**လှလှထွေး(ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

**အသက်အရွယ်အလိုက် ကျောင်းတက်နှုန်းလျော့ကျ**

မြန်မာနိုင်ငံမှာ အတန်းကျောင်းစနေကြရတဲ့ အရွယ်က အသက် ၅ နှစ်အရွယ်ဖြစ်ပြီး အသက် ၅-၉ နှစ်အရွယ် ၁၀ ဦးမှာ ကိုးဦး ကျောင်းတက်ကြပါတယ်။ ၁၀-၁၄ နှစ်အရွယ်မှာ ၈၄ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ကျဆင်းစပြုလာပါတယ်။ ၁၅-၁၉ နှစ်အရွယ်မှာ ၄၃ ဒသမ ၃ ရာခိုင်နှုန်းအထိ ထက်ဝက်လောက် ကျဆင်းသွားပြီး အသက် ၂၀ - ၂၄ နှစ်မှာ ၁၅ ရာခိုင်နှုန်းအထိ သိသိသာသာ လျော့ကျသွားပါတယ်။ အသက် ၂၅ နှစ်နောက်ပိုင်းမှာ ကျောင်းတက်နှုန်း မရှိသလောက်နည်းသွားပြီး သက်လတ်ပိုင်း အဆင့်မြင့်ပညာဆက်သင်သူ၊ ကျောင်းပြန်တက်သူ အနည်းငယ်သာ ရှိပါတော့တယ်။

လက်ရှိလူငယ်တွေကြားမှာ ကျောင်းလုံးဝ မတက်ဖူးသူ အနည်းငယ်သာရှိနေပါတယ်။ အသက် ၁၀-၁၄ နှစ်အရွယ် ၂ ဒသမ ၄ ရာခိုင်နှုန်း၊ ၁၅-၁၉ နှစ်အရွယ် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀-၂၄ နှစ်အရွယ် ၃ ဒသမ ၈ ရာခိုင်နှုန်း ကျောင်းလုံးဝမတက်ဖူးကြတာကို တွေ့ရပါတယ်။ အသက် ၃၀၊ ၄၀၊ ၅၀ စတဲ့ အရွယ်တွေမှာ ကျောင်းလုံးဝမတက်ဖူးသူ ရာခိုင်နှုန်းဟာ အသက်ကြီးလေ ပိုမြင့်လေတွေ့ရတာမို့ မြန်မာနိုင်ငံမှာ အခြေခံပညာရေးမြှင့်တင်မှုကို ကာလရှည်ကြိုးပမ်းနေတဲ့ သက်သေသာဓကအဖြစ် တွေ့ရှိနိုင်ပါတယ်။

**ဘာကြောင့်ကျောင်းဆက်မတက်ကြတာလဲ**

ကျောင်းသူ ကျောင်းသားအများစု ကျောင်းထွက်ရခြင်းဟာ ပညာရေးစနစ်ကြောင့်မဟုတ်ဘဲ မိသားစုအတွင်း ဖိအားများကြောင့်ဖြစ်ကြောင်း သန်းခေါင်စာရင်းပါအချက်အလက်တွေက ဖော်ပြနေတယ်လို့ ၂၀၂၄ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာက ဆိုထားပါတယ်။ အဓိကအကြောင်းရင်းတစ်ခုဖြစ်တဲ့ မိသားစုကို ကူညီရန်၊ အိမ်အလုပ်များလုပ်ကိုင်ရန်၊ မိဘဆွေမျိုးများကို ပြုစုစောင့်ရှောက်ရန်အတွက် ကျောင်းထွက်ရခြင်းက ၂၇ ဒသမ ၁ ရာခိုင်နှုန်းရှိနေတယ်။ အိမ်မှုကိစ္စနဲ့ ပြုစုစောင့်ရှောက်မှုတာဝန်တွေက ကလေးတွေနဲ့ ဆယ်ကျော်သက်တွေကို ကျောင်းထွက်ဖို့ တွန်းအားပေးတာကို ပြဆိုနေတယ်လို့ဆိုပါတယ်။

ဒုတိယအရေးပါတဲ့အကြောင်းရင်းက စီးပွားရေးနဲ့သက်ဆိုင်နေပြီး ကျောင်းစရိတ်မတတ်နိုင်လို့ ၂၀ ဒသမ ၆ ရာခိုင်နှုန်း၊ လုပ်ငန်းခွင်လိုအပ်ချက်များ (စိုက်ပျိုးရေး ၁၂ ဒသမ ၁ ရာခိုင်နှုန်း၊ အခြားလုပ်ငန်းများ ၁၃ ဒသမ ၁ ရာခိုင်နှုန်း) တို့ဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ကျောင်းဆက်မနေနိုင်သူတွေရဲ့ထက်ဝက်ခန့်ဟာ မိသားစုလိုအပ်ချက်ကြောင့် ဒါမှမဟုတ် ပညာရေးအတွက် တိုက်ရိုက်/သွယ်ဝိုက်စရိတ်တွေကို မတတ်နိုင်ခြင်းကြောင့် ဖြစ်တယ်လို့ အချက်အလက်တွေအရ သိရပါတယ်။

**အသက်မွေးမှုတစ်ခုပညာ**

**ငယ်တုန်းရွယ်တုန်း ခွန်အားဗလနဲ့ တက်ကြွတဲ့အရွယ်မှာ ကာယလုပ်အားကို အခြေပြုပြီး အသက်မွေးဝမ်းကျောင်းပြုကြရတာဟာ အကန့်အသတ်တွေရှိနေမှာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ ပြေလည်မှုရနိုင်ပေမယ့် အကြောင်းကြောင်းကြောင့် အလုပ်မလုပ်နိုင်တော့တဲ့အခါ မူလအခြေအနေ ဒါမှမဟုတ် ပိုပြီးဆိုးရွားတဲ့အခြေအနေကို ရောက်သွားနိုင်ပါတယ်။ ဒ့ါအပြင် ကာယလုပ်အားကိုအခြေပြုပြီးရရှိတဲ့ လုပ်ခ၊ လစာဆိုတာတွေကလည်း ရေရှည်မှာ ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်ဖို့ ခဲယဉ်းလှပါတယ်။ ဒါကြောင့်မို့ ငယ်ရွယ်စဉ် ပညာသင်ရမယ့်အရွယ်မှာ ပညာသင်ကြဖို့ကိုပဲ နှိုးဆော်တိုက်တွန်းကြရမှာ ဖြစ်ပါတယ်။ ဆင်းဆင်းရဲရဲနဲ့ ပညာသင်ကြားရတာဟာ ပိုပြီး ရုန်းကန်အားထုတ် ကြိုးစားကြဖို့၊ ပိုပြီးလုံ့လဝီရိယ စိုက်ထုတ်ကြဖို့လိုတာ အမှန်ပါပဲ။**

အသိပညာ၊ အတတ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာတွေကို ခက်ခက်ခဲခဲ ဆင်းဆင်းရဲရဲ ရှာဖွေသင်ယူကြပြီး လယ်ထဲကိုင်းထဲက၊ ရထားလမ်းဘေး၊ မြစ်ကမ်းနံဘေးရွာလေးတွေက၊ ဝေးလံခေါင်ဖျား တောင်ပေါ်ရွာလေးတွေက၊ မြို့ပြဆင်ခြေဖုံး ကျူးကျော်ရပ်ကွက်ထဲက စတဲ့ နေရာတွေကနေ ထွက်ပေါ်လာတဲ့လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေ၊ ဆရာဝန်ကြီးတွေ၊ အရာရှိ အရာခံတွေ အများအပြားရှိနေတာ ပါးစပ်ပြောပုံပြင်တွေ မဟုတ်ပါဘူး။ ဆင်းရဲတွင်းက လွတ်အောင်ပျံတက်ဖို့ ခွန်အားကောင်းတဲ့ တောင်ပံတစ်စုံလိုတယ်ဆိုရင် အဲဒါဟာ ပညာနဲ့ လုံ့လဝီရိယပါပဲ။

ဒီဆောင်းပါးကို လိုရင်းအနှစ်ချုပ်ရရင်တော့ ပညာသင်ကြရမယ့်အရွယ်မှာ ပညာကို မဖြစ်မနေ သင်ယူကြဖို့ပါပဲ။ KG ကနေ ၉ တန်းအထိ နိုင်ငံတော်က အခမဲ့ သင်ကြားပေးနေတာဖြစ်တဲ့အတွက် လူ့ဘဝရဲ့ အနည်းဆုံးလိုအပ်ချက်အဖြစ် ၉ တန်းအောင်တဲ့အထိ မဖြစ်ဖြစ်အောင် သင်ယူကြရမှာပဲ ဖြစ်ပါတယ်။ ဘဝမှာ ဒီထက်ပိုအဆင့်မြင့်ချင်တယ်၊ အဆင်ပြေချင်တယ်ဆိုရင် အခြေခံပညာအထက်တန်းပြီးအောင် ဆက်သင် ဒါမှမဟုတ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ယူ၊ လူဖြစ်ကျိုးနပ်ချင်တယ်ဆိုရင်တော့ တက္ကသိုလ်တက်၊ အဆင့်မြင့်ပညာတွေသင် ကြိုးစားရင်ကြိုးစား သလောက်ထွန်းပေါက်ပြီး ပညာရဲရင့်ပွဲလယ်တင့်နိုင်ကြပြီပေ့ါ။ အဲဒီလိုအခြေအနေရောက်လာပြီဆိုရင် ကိုယ့်အတွက်ရော၊ နိုင်ငံအတွက်ရော အဖိုးတန်တဲ့ လူသားအရင်းအမြစ် ဖြစ်လာပါပြီ။

**အသက် ၅ နှစ်ကစတဲ့ ပညာရေးခရီးဟာ အသက် ၂၅ နှစ်လောက်မှာ ပြီးဆုံးသွားတယ်လို့ ဆိုရပေမယ့် ယနေ့ခေတ်မှာတော့ ဘွဲ့တစ်ခုခုရပြီးရင်လည်း ရပ်ထားလို့မရပါဘူး။ ဘဝတစ်သက်တာမှာ မိမိဘာသာ ပညာကို ဆက်လက်သင်ယူခြင်းဖြင့် ဆက်လက်ရှင်သန်ကြရမှာဖြစ်ပါတယ်။ ဉာဏ်ပညာနဲ့ လုံ့လဝီရိယ တောင်ပံတစ်စုံ အားကောင်းသန်မာကြတာနဲ့အမျှ ကောင်းကင်အမြင့်မှာ အရှိန်အဟုန်ပြင်းပြင်းနဲ့ ပျံသန်းနိုင်ကြမှာဖြစ်တဲ့အကြောင်း ပညာသင်အရွယ် လူငယ်များကို တိုက်တွန်းအားပေးလိုက်ပါတယ် ခင်ဗျား။** ။

## မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၁) မျိုး အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ (၂၁) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း (၃) ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည် တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ (၂၁) ရက် (တနင်္ဂနွေနေ့) တွင် ဝယ်ယူသော စာပို့တံဆိပ်




ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုလွှတ်တော်ရုံးမှ ဦးဇော်ဟိန်း အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက် (Pre-Listing Board - PLB) တွင် ဒုတိယမြောက် မှတ်ပုံတင်ကုမ္ပဏီဝင်ရောက်ခြင်းနှင့် အစုရှယ်ယာ စတင်ရောင်းဝယ်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် အကြိုဈေးကွက် (PLB) ၏ ဒုတိယမြောက် မှတ်ပုံတင်ကုမ္ပဏီဖြစ်သည့် G.B.S Agricultural Services Public Company Limited အစုရှယ်ယာများ စတင်ရောင်းဝယ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်စတော့အိတ်ချိန်း ပင်မခန်းမဆောင်၌ ကျင်းပရာ ငွေချေး သက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်စတော့ အိတ်ချိန်းမန်နေဂျင်း ဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ G.B.S Agricultural Services Public Company Limited မှ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားပြီး အစုရှယ်ယာများ စတင်ရောင်းဝယ်ချိန် နံနက် ၁၀ နာရီတွင် ရန်ကုန်စတော့အိတ်ချိန်း မန်နေဂျင်းဒါရိုက်တာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦး၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် အတွင်းရေးမှူး ဦးမင်းဇော်ဝင်း၊ ဂျီဘီအက်(စ်) လယ်ယာဝန်ဆောင်မှုလုပ်ငန်းအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်အောင်တို့နှင့်အတူ စာရင်းဝင်အကြိုဈေးကွက်တွင် အစုရှယ်ယာများမှတ်ပုံတင်ခြင်း အထိမ်းအမှတ်အဖြစ် အောင်ဗေယျတုခေါင်းလောင်းကို (၃)ကြိမ်စီ တီးခတ်ကာ ဈေးကွက်ဖွင့်လှစ်ပေးပြီး ဂျီဘီအက်(စ်) လယ်ယာ ဝန်ဆောင်မှုလုပ်ငန်းအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်ကို စာရင်းဝင်အကြိုဈေးကွက် (PLB) တွင် မှတ်ပုံတင်ခြင်းအတွက် အသိအမှတ်ပြုလက်မှတ်ပေးအပ်၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထောင်ရှန်ကမ်း | ညွှန်ကြားရေးမှူးချုပ် ဝန်ကြီးရုံး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ ဝင်းထွဋ် | ညွှန်ကြားရေးမှူးချုပ် ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန |

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမြင့်အောင် ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မူဆယ်မြို့၌ မြန်မာ့သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်းလမ်းညွှန်ချက် စံချိန်စံညွှန်း အသိပညာပေးဆွေးနွေး

**မူဆယ် ဒီဇင်ဘာ ၁၇**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ရေရှည်တည်တံ့သော မြန်မာ့သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်းလမ်းညွှန်ချက် စံချိန်စံညွှန်း အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ)ရှိအစည်းအဝေးခန်းမဆောင်၌ ပြုလုပ်သည်။ (ယာပုံ)



ဦးစွာ နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်) ဒုတိယညွှန်ကြားရေးမှူး ဒေါ်စမ်းစမ်းတင့်က အမှာစကားပြောကြားပြီး နှစ်ရှည်သီးနှံဌာနခွဲ(ရုံးချုပ်)နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးမြင့်က ရည်ရွယ်ချက်များကိုပြောကြားသည်။ ထို့နောက် မြန်မာ့သဘာဝရော်ဘာ ရေရှည်တည်တံ့မှု ဖော်ဆောင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာယုစိန်က ရေရှည်တည်တံ့သော သဘာဝရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့်သက်ဆိုင်သည့် အသိအမှတ်ပြုလက်မှတ်ရရှိရေးဆိုင်ရာများ၊ တာဝန်ရှိသူများက မြေယာအသုံးချမှုမှန်ကန်ရေးကဏ္ဍ၊ ရော်ဘာစိုက်ပျိုးရေး ထုတ်လုပ်မှုမြင့်မားစေရေးကဏ္ဍ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုနှင့် ရော်ဘာခြင်ယ်များ၏ လူမှုဖူလုံရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း ကဏ္ဍ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **ရာမည(ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် (၁၀)မြို့နယ်အတွင်းရှိ အများပြည်သူများ မီးဘေးကင်းဝေးစေရေးအတွက် ဒီဇင်ဘာ ၁၇ ရက်က လူစည်ကားရာနေရာများ၌ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်း ဦးဆောင်၍ ခရိုင်/ မြို့နယ် မီးသတ်ဦးစီးမှူးများနှင့်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးစဉ်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ကျောက်ဆည်၌ တောင်သူများထံ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းစစ်တမ်းကောက်ယူ

**ကျောက်ဆည် ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့်သီးနှံများ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းမကောင်းရခြင်း အကြောင်းအရာများ သိရှိစေရန်ရည်ရွယ်၍ ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျောက်ဆည် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများထံ မြေပြင်ကွင်းဆင်းစိစစ်ချက် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ကျောက်ဆည်မြို့နယ်၌ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၏ ညွှန်ကြားချက်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဆောင်၍ ပန်းတိုင်အထွက်နှုန်းသီးနှံခုနစ်မျိုးအတွက် တောင်သူ ၁၄၀၀ ကျော်အား မြေပြင်ကွင်းဆင်း စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**



ဘုံပိုင်ခေါင်းမှ
ရေစက်ကျမနေစေရန်
ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ
ဖွင့်ထားခြင်းမပြုပါနှင့်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲအမေး / အဖြေများ


ဦးကျော်စိုးဦး


ဦးအောင်မင်းသိန်း


ဦးဥက္ကာ


ဒေါ်မြင့်မြင့်နွယ်


ဒေါ်အိမွန်ကျော်


ကိုသန့်ဇင်ဦး

*(ယမန်နေ့မှအဆက်)*

**People Media Agency မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး** က ရှေ့တွင်လည်း မေးခွန်းကတော်တော်လေးစုံသွားပြီဖြစ်ကြောင်း၊ မိမိတို့ အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်ပြီး Centre များကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်အပါအဝင် စသည့်မြို့ကြီးများသို့ ရောက်မလာစေရန် နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့စီမံထားပြီး မည်သို့ပြင်ဆင်ထားသည်ကိုသိလိုကြောင်း၊ ယင်းနေရာများတွင် ဖမ်းဆီးရမိခြင်းရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က မည်သည့်နေရာမဆို မိမိတို့ဖမ်းဆီးနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မိမိတို့ ထပ်ပြီးသတင်းပေးလိုသည်မှာ မြဝတီဒေသတွင်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်ပြီး ကွင်းဆက်လိုက်သည့်အခါတွင် မိမိတို့နိုင်ငံအတွင်းတွင်လည်း တချို့နေရာများတွင် ပျံ့နှံ့ရောက်ရှိနေသည်ကို သတင်းရရှိကြောင်း၊ တချို့လည်းပါဝင်ပတ်သက်နေသည့် သတင်းဆက်များလည်းရရှိကြောင်း၊ အချိန်တန်လျှင် ထုတ်ဖော်ပြောကြားသွားမည်ဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်ဆဲလုပ်ငန်းဖြစ်သည့်အတွက်ကြောင့် ယခုအချိန်တွင် ထုတ်ဖော်ပြောကြားလျှင် လိုက်လံဆောင်ရွက်ရသူများအနေဖြင့် သတင်းကွင်းဆက်လိုက်ရသည်မှာ ခက်ခဲမည်ဖြစ်ကြောင်း၊ အချိန်တန်လျှင် သိရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Eleven Media Group သတင်းဌာနမှ အကြီးတန်းသတင်းထောက် ဦးအောင်မင်းသိန်း** က အွန်လိုင်းလိမ်လည်မှုများသည် ပြည်သူကြားထဲတွင် ပုံစံအမျိုးမျိုးနှင့် ပျံ့နှံ့နေကြောင်း၊ ဖုန်းထဲတွင် ဂိမ်းဆော့ခြင်းမျိုးသည်အဓိကအားဖြင့် ဖုန်းအော်ပရေတာများ၊ မိုလ်ဘိုင်းဖုန်းများကနေ သွားနေကြောင်း၊ အများပြည်သူကသိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ၊ အကယ်၍ အွန်လိုင်းပေါ်မှ လိမ်လည်ခံရမည်ဆိုလျှင် မည်သည့်နေရာကို အဓိကထားပြီး တိုင်ကြားရမည်၊ မည်ကဲ့သို့ လျင်လျင်မြန်မြန် ဆောင်ရွက်မှုရှိသည်ကိုသိလိုကြောင်း၊ ဖုန်းအော်ပရေတာများက ယခုအခန်းကဏ္ဍတွင် အဓိက ပါဝင်ပတ်သက်နေသောကြောင့် ဖုန်းအော်ပရေတာများနှင့် မည်သို့ပူးပေါင်းဆောင်ရွက်ရန်ရှိသည်ကို သိလိုကြောင်း၊ ဆက်စပ်အနေဖြင့် အွန်လိုင်းလိမ်လည်ဖမ်းဆီးရမှုတွင် နိုင်ငံခြားသားများကို ၎င်းတို့၏သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ မြန်မာနိုင်ငံက လွှဲပြောင်းပေးနေသည်ကို တွေ့ရှိရကြောင်း၊ ယင်းလုပ်ငန်းများတွင် သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ၊ ဝင်ရောက်လုပ်ကိုင်ခဲ့သည့် မြန်မာနိုင်ငံသားများကို ဖမ်းဆီးရမိမှုရှိ/မရှိနှင့် ၎င်းတို့ကို မည်ကဲ့သို့မျိုးအရေးယူဆောင်ရွက်ထားသည်ကို ရှိရင်သိလိုပါကြောင်း မေးမြန်းသည်။

**အရေးယူသင့်ယူထိုက်သည့်သူများကို တည်ဆဲဥပဒေများနှင့်အညီအရေးယူ**

**ရဲမှူးချုပ် ကျော်လင်း** က ရှေ့တွင်လည်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းဂိမ်းများ အသုံးပြုနေသည့် Facebook၊ Telegram အကောင့်များနှင့် ပတ်သက်ပြီးဆောင်ရွက်ချက်များကို မိမိဖြေကြားခဲ့ကြောင်း၊ Facebook၊Telegram၊ Tiktok လူမှုကွန်ရက်အကောင့်ကို ပြန်ကြည့်မည်ဆိုလျှင် အများအားဖြင့် အကောင့်ဖွင့်ရာတွင် မှတ်ပုံတင်အတုများ၊ အခြားသူများ၏ မှတ်ပုံတင်များကို အသုံးပြုခြင်းဖြစ်ကြောင်း၊ အကောင့်ပိုင်ရှင်များ၏ ကိုယ်ရေးအချက်အလက်အမှန်ရရန် အခက်အခဲအနည်းငယ်ရှိကြောင်း၊ မိမိတို့က ယင်းအကောင့်များနှင့် ဆက်စပ်နေသည့် တယ်လီဖုန်းများကို ပိတ်သိမ်းနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရကြောင်း၊ ယနေ့အထိ ဆင်းကတ်ပေါင်း ၂၃၀၀ ကို ပိတ်ထားကြောင်း၊ ယင်းနှင့်တစ်ဆက်တည်း Pay အကောင့်များပိတ်သကဲ့သို့ဆက်စပ်နေသည့် Bank အကောင့်များကို စိစစ်ဖော်ထုတ်ရရှိခြင်းများရှိကြောင်း၊ ယခုချိန်အထိ Bank အကောင့်ပေါင်း ၁၄၉ ခုကို ဗဟိုဘဏ်နှင့်ဆက်သွယ်ပြီး ပိတ်သိမ်းခဲ့ကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်ပြီး ပြစ်မှုကျူးလွန်ခံရပြီး အလိမ်ခံရပြီဆိုလျှင် ပထမဦးဆုံး မိမိနေထိုင်သည့် သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းရန်လိုကြောင်း၊ သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်ပြီးမှသာလျှင် ရဲစခန်းက ဆက်လက်စုံစမ်းဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဆက်လက်စုံစမ်းမှုလုပ်သည့်အခါတွင် လျင်လျင်မြန်မြန်နှင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်၊ ဆက်စပ်နေသည့် Bank အကောင့်များပိတ်ရန်၊ ဆင်းကတ်များပိတ်ရန်၊ နည်းပညာပိုင်းအရစိစစ်ရန် SOP များထုတ်ပေးပြီးဖြစ်ကြောင်း၊ မိမိတို့က အချိန်တိုအတွင်းတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လုပ်ထားခြင်းဖြစ်ကြောင်း၊ တချို့အမှုကိစ္စများတွင် ငွေကြေးပမာဏများပြားပြီး နည်းပညာပိုင်းအရလည်း စုံစမ်းဖော်ထုတ်ရမည့် ကိစ္စရပ်များပါလာမည်ဆိုလျှင် မိမိတို့က CID ကို သီးခြားတာဝန်ပေးပြီး စုံစမ်းဖော်ထုတ်အရေးယူ ဆောင်ရွက်ခြင်းများလည်းရှိကြောင်း၊ အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်လာလျှင် သက်ဆိုင်ရာနယ်မြေရဲစခန်းကို အမြန်ဆုံးအမှုဖွင့်တိုင်ကြားရန် လိုအပ်ကြောင်း၊ အွန်လိုင်းလိမ်လည်သည့်လုပ်ငန်းတွင် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများနှင့်အတူ ဝင်ရောက်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများလည်းရှိကြောင်း၊ အွန်လိုင်းလိမ်လည်မှုတွင် ပါဝင်ပတ်သက်နေခြင်းရှိ/မရှိ၊ ခြံစောင့်၊ ထမင်းချက်၊ သန့်ရှင်းရေး အစရှိသဖြင့် မိမိတို့ကစိစစ်ပြီး အရေးယူသင့်ယူထိုက်သည့်သူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများရှိကြောင်း ဖြေကြားသည်။

**Myanmar Hard Talk News မှ သတင်းအယ်ဒီတာ ဦးဥက္ကာ** က အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်ပြီး အဆောက်အအုံများကိုဖြိုချဖျက်ဆီးခြင်းများကို နိုင်ငံတကာကသိအောင်၊ ကမ္ဘာကသိအောင် ချပြထားခြင်းများလည်းရှိကြောင်း၊ ထိုအဆောက်အအုံများကို ဖြိုချရှင်းလင်းခြင်းသည် သက်သေခံပစ္စည်းများကို ဖျောက်ဖျက်ခြင်းဖြစ်သည်ဆိုပြီး ပြည်ပဖျက်မီဒီယာများပြောနေသည်ကို ကြားရကြောင်း၊ ယင်းအပေါ်တွင် ဗိုလ်ချုပ်အနေဖြင့် မည်ကဲ့သို့ တုံ့ပြန်မည်ကို သိလိုကြောင်း၊ အွန်လိုင်းလိမ်လည်မှုကိစ္စများတွင် KNU အကြမ်းဖက်အဖွဲ့အနေဖြင့် မည်မျှထိ နက်နက်ရှိုင်းရှိုင်းပါဝင်ပတ်သက်နေသည်ကို အနည်းငယ်မျှ အကျယ်တဝင့် ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**တစ်ကမ္ဘာလုံးကို ကြေညာပြီးလုပ်နေခြင်းဖြစ်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သက်သေခံပစ္စည်းကို ဖျောက်ဖျက်သည်ဆိုသည်မှာ ယင်းဧရိယာ အကျယ်ကြီးတွင် လုပ်ဆောင်နေသည့်ကိစ္စကို အမှန်တကယ်ကျူးလွန်ခဲ့ခြင်းရှိခဲ့လျှင် သက်သေခံပစ္စည်းဖျောက်ဖျက်ရန် အလွန်ခဲယဉ်းပါကြောင်း၊ နေရာကျယ်သည်ကို ပြောလိုခြင်းမဟုတ်ကြောင်း၊ သက်သေခံပစ္စည်းနှင့်ပတ်သက်ပြီး သာမန်နိုင်ငံသူနိုင်ငံသားတစ်ယောက် တွေးခေါ်ခြင်းဖြင့် သိနိုင်ကြောင်း၊ လူမသိအောင်လုပ်လိုက်သည့် တစ်ဦးချင်းကျူးလွန်ခဲ့သည့် လူသတ်မှုကဲ့သို့ ပြစ်မှုများတွင် မျက်မြင်သက်သေမရှိသော်လည်း အချိန်တန်လျှင် သက်သေခံပစ္စည်းဆိုတာ ပေါ်လာကြောင်း၊ ပြည်ပဖျက်မီဒီယာများက စွပ်စွဲပြောဆိုသည်ကို ပထမဆုံးတုံ့ပြန်ပြောဆိုလိုသည်မှာ အဓိပ္ပာယ်မရှိဟုပြောလိုပါကြောင်း၊ နံပါတ်နှစ်အချက်သည် ၎င်းတို့က သာမန်ပြည်သူများတွေးသလောက် အတွေးအခေါ်ပင်မရှိသည့် အဖွဲ့အစည်းဟု မှတ်ချက်ပြုလိုကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်းကို အမြဲရည်ရွယ်ပြောဆိုနေမည်ဖြစ်ကြောင်း၊ ထိုအဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးခြင်းကို မိမိတို့တိတ်တိတ်ဆိတ်ဆိတ်လုပ်နေခြင်းမဟုတ်ဘဲ ပေါ်တင်လုပ်နေခြင်းဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးကို ကြေညာပြီးလုပ်နေခြင်းဖြစ်ကြောင်း၊ သတင်းထောက်ကြီးများ ဤအခန်းအတွင်းသို့ဝင်လာစဉ်က တွေ့လိမ့်မည်ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းအဖြစ်အသုံးပြုခဲ့သည့် ဖုန်းများ၊ ကွန်ပျူတာများ၊ စာရွက်စာတမ်းများကို မြင်ခဲ့ကြမည်ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းကို ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း၊ ဖျောက်ဖျက်စရာအကြောင်းမရှိကြောင်း၊ အဆောက်အအုံကို ဖျက်ဆီးခြင်းသည် နောက်နောင်မဖြစ်အောင်၊ မိမိတို့အစိုးရအနေဖြင့် စံနမူနာဖြစ်အောင် ပြခြင်းဖြစ်ကြောင်း၊ တချို့လည်းပြောကြကြောင်း၊ ထိုအဆောက်အအုံများကို မည်သို့အကျိုးရှိရှိ အသုံးချလိုက်လျှင် ကောင်းနိုင်သည်ဟု ပြောကြကြောင်း၊ မကောင်းဘူးဟု မိမိပြောလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထပ်ဝင်လာဦးမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခသည် လွတ်လပ်ရေးကစခဲ့ခြင်းဖြစ်ကြောင်း၊ နှစ် ၇၀ ရှိပြီဖြစ်ကြောင်း၊ နယ်စပ်တစ်လျှောက်လုံးတွင် ဖြစ်နေခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလမ်းကြောင်း လျှောက်လှမ်းရန် NCA နှင့် နိုင်ငံတကာပါဝင်ကြောင်း၊ သတင်းထောက်ကြီးများလည်း NCA ပွဲကို အကြိမ်ကြိမ်တက်ရောက်ခဲ့ပြီးဖြစ်ကြောင်း၊ NCA ထက်ပိုကောင်းသည့်လမ်းကြောင်းမရှိကြောင်း၊ နိုင်ငံတကာကလည်း သဘောတူကြောင်း၊ ဖြောင့်ဖြူးနေအောင် လမ်းကြောင်းဖောက်ပေးသော်လည်း ထိုလမ်းကြောင်းကို မတက်ကြောင်း၊ တက်ပြီးသားသူကလည်း ဆူးတောထဲကိုသာဆက်တိုးမည်ဆိုသည့်ပုံစံမျိုးပဲဖြစ်ကြောင်း၊ ယင်းနယ်မြေဒေသကြီးသည် အမြဲတမ်းတည်ငြိမ်အေးချမ်းပြီး ၁၀၀ ရာခိုင်နှုန်း တရားဥပဒေစိုးမိုးရေးအပြည့်အဝရှိနိုင်လားဆိုသည့် သုံးသပ်ချက်အပေါ်တွင်လည်းမူတည်ကြောင်း၊ ထို့အတွက်ကြောင့် ပြန်လည်ပြီး မခိုအောင်းနိုင်ပါဘူးဆိုသည်ကို မယုံကြည်ပါကြောင်း၊ မယုံကြည်သည့်အတွက်ကြောင့် လက်စတုံးချေမှုန်း၍ မြေလှန်ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း၊ နံပါတ်နှစ်အနေဖြင့် ထိုကဲ့သို့ လုပ်လျှင် ထိုသို့ဖြစ်မည်ဟု ကမ္ဘာကိုလည်း တိတိလင်းလင်းပြောလိုကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်နေသည့် အဖွဲ့အစည်းများကိုလည်း တိတိလင်းလင်းပြလိုကြောင်း၊ ထို့ကြောင့် မိမိတို့ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ဖြေကြားသည်။

**ဆက်လက်၍ ဦးဥက္ကာ** က KNU ပါဝင်ပတ်သက်နေခြင်းနှင့်ပတ်သက်ပြီး ၎င်းတို့က မည်မျှထိ ပါဝင်ပတ်သက်နေသည်ကို တစ်ဆက်တည်းရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**အွန်လိုင်းလောင်းကစားမှုများ ဆက်ကြေးပေးပြီးလုပ်နေခြင်းဖြစ်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က KNU နှင့်ပတ်သက်ပြီး Video ဖိုင်များနှင့်လည်း ပြသခဲ့ကြောင်း၊ KNU အနေနှင့် စာချုပ်များတွင် လက်မှတ်ထိုးထားမှုကိုလည်းပြသခဲ့ကြောင်း၊ သက်သေပြ၍ရသည့် အထောက်အထားများကိုပြသခဲ့ကြောင်း၊ ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံကြားထဲတွင် KNU အနေဖြင့် မည်ကဲ့သို့ပြဿနာဖြစ်ရန် လုပ်နေသည်ကို မိမိ ပြသခဲ့ကြောင်း၊ မြန်မာကပစ်သည့်လက်နက်ကြီး ထိုင်းနိုင်ငံတွင်ကျသည်ဟုဆိုကာ ၎င်းတို့ကိုယ်တိုင် ထိုင်းနိုင်ငံဘက်သို့ ပစ်ခတ်ခြင်းမျိုးရှိကြောင်း၊ ယင်းတို့ကိုလည်း ပြသခဲ့ကြောင်း၊ သတင်းထောက်ကြီးများ စဉ်းစားကြည့်စေလိုကြောင်း၊ KNU အနေဖြင့် နယ်စပ်ဒေသတစ်လျှောက် နေရာအနှံ့အပြားတွင်ရှိကြောင်း၊ ၎င်းတို့အနေနှင့် စခန်းများ ပေါ်တင်လုပ်ထားခြင်းမျိုးလည်းရှိကြောင်း၊ စိမ့်ဝင်နေသည့်နေရာများလည်းရှိကြောင်း၊ ထိုနေရာမျိုးတွင် လုပ်နေသည့် အွန်လိုင်းလောင်းကစားမှုများသည် ရှင်းရှင်းပြောပြရလျှင် ၎င်းတို့ကို ပိုက်ဆံမပေးဘဲနှင့်လုပ်၍ကိုမရကြောင်း၊ မြဝတီမြို့နားတွင်ကပ်နေပြီး မိမိတို့၏ ရဲတပ်ဖွဲ့ဝင်များသွား၍ရသည့် တရားဥပဒေစိုးမိုးမှု တစ်စိတ်တစ်ပိုင်းရှိသည်ဆိုသည့် နေရာမျိုးတွင်ပင် ၎င်းတို့ကို ပိုက်ဆံမပေးဘဲမရကြောင်း၊ ၎င်းတို့လွှမ်းမိုးနေသည့် နယ်မြေထဲတွင် အွန်လိုင်းလောင်းကစားမှု လုပ်နေသူများပင်မဆို ကရင်ပြည်သူအချင်းချင်းပင်လျှင် ၎င်းတို့ကို ဆက်ကြေးပေးပြီး ရပ်တည်ရကြောင်း၊ ကရင်ပြည်နယ်ထဲရှိ စီးပွားရေးလုပ်ငန်းလုပ်နေသည့် ကရင်ပြည်သူလူထုကိုစိတ်ကြိုက်မေးကြည့်စေလိုကြောင်း၊ ထိုကဲ့သို့ဆက်ကြေးပေးပြီး လုပ်နေခြင်းဖြစ်သည့်အတွက် တရားမဝင်လုပ်ငန်းများ ယင်းနေရာတွင်ရှိသည်ကို KNU အနေဖြင့် မသိရှိဟုဆိုခြင်းသည် မဖြစ်နိုင်ကြောင်း၊

*စာမျက်နှာ ၁၂ သို့*



ဒေါက်တာဇော်သန်း



ဦးကျော်မျိုးမင်း



ဒေါ်ခင်မိုမိုမြင့်



ဦးမိုးဟိန်း

*စာမျက်နှာ ၁၁ မှ*

၎င်းတို့ကို ဆက်ကြေးပေးပြီး လုပ်နေရခြင်း ဖြစ်ကြောင်း ဖြေကြားသည်။

**CCTV သတင်းဌာနမှ ဒေါ်မြင့်မြင့်နွယ်**က လက်ရှိ မြန်မာနိုင်ငံတွင် အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်နေသည်ကို တွေ့ရှိရကြောင်း၊ ဆက်လက်ပြီး မည်သည့်အစီအစဉ်များဖြင့် ဆောင်ရွက်သွားမည်၊ မည်သည့်အကျိုးရလဒ်များ ထွက်ပေါ်လာမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

## လုပ်ငန်းများကို မူဝါဒများအတိုင်း ပြတ်ပြတ်သားသားလုပ်ဆောင်သွားမည်

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ပထမဦးဆုံးပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ၏အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးအခြေအနေသည် အတက်ကြွဆုံးနှင့် အလုပ်အဖြစ်ဆုံးအခြေအနေဖြစ်သည်ဟု ပထမဦးဆုံးပြောကြားလိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုခိုင်မာသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုကို အလေးထားတန်ဖိုးထားကြောင်းနှင့် ဆက်လက်ပြီး ခိုင်မာစွာပူးပေါင်းဆောင်ရွက်သွားမည်ဟု ကျေးဇူးတင်စွာ ပြောကြားလိုကြောင်း၊ ဒုတိယအချက်အနေဖြင့် ယနေ့သတင်းစာရှင်းလင်းပွဲတွင် မိမိတို့၏ လုပ်ဆောင်လျက်ရှိသည့် မူဝါဒများ၊ နည်းလမ်းများကိုပြောပြီးဖြစ်ပါကြောင်း၊ ယခုလိုလုပ်ဆောင်သည့်အခါ မိမိတို့မြန်မာနိုင်ငံတစ်နိုင်ငံတည်း လုပ်ဆောင်၍ရသည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တစ်နိုင်ငံတည်းမဟုတ်ဘဲ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို မူဝါဒများအတိုင်း ပြတ်ပြတ်သားသားလုပ်ဆောင်သွားမည်ဟု ပြောလိုကြောင်း၊ ထို့ကြောင့် အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုနှိမ်နင်းရေးနှင့်ပတ်သက်ပြီး နောက်ဖြစ်ပေါ်လာမည့် အကျိုးရလဒ်သည် မြန်မာနိုင်ငံသူ နိုင်ငံသားများတင်မဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအသိုင်းအဝိုင်းကပါ ကျေနပ်လောက်သည့် အနေအထားအထိ တိုးတက်လာနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ပြောကြားလိုကြောင်း ဖြေကြားသည်။

**Xinhua News Agency မှ ဒေါ်အိမွန်ကျော်**က မြန်မာနိုင်ငံပြည်တွင်းရှိ နိုင်ငံဖြတ်ကျော် အွန်လိုင်းလိမ်လည်မှုများကို ယခုထက် ပိုမိုထိရောက်သည့် လုပ်ဆောင်မှုများ တစ်ဆင့်တိုး၍ မည်သို့လုပ်ဆောင်သွားမည်ကို သိလိုပါကြောင်း၊ တရုတ်နိုင်ငံသားများ မြန်မာနိုင်ငံအတွင်း၌ ဘေးကင်းလုံခြုံမှုကို အာမခံပေးရန် မြန်မာအစိုးရအနေဖြင့် မည်ကဲ့သို့အသေးစိတ်အစီအမံများဆောင်ရွက်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က နိုင်ငံဖြတ်ကျော်ဆက်သွယ်ရေးလိမ်လည်မှုနှင့်ပတ်သက်၍ လုပ်ဆောင်မည့်အသေးစိတ်ကို ပြောကြားပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေများ၊ နိုင်ငံတကာ၏ပူးပေါင်းဆောင်ရွက်မှုများ၊ မိမိတို့ဆောင်ရွက်ချက်များအပေါ် ဖြစ်ပေါ်လာသည့်အခြေအနေအပေါ်မူတည်ပြီး တစ်ဆင့်ချင်းတိုးတက်အောင်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ အိမ်နီးနားချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ များများစွာလိုအပ်ကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသားများ မြန်မာနိုင်ငံအတွင်း ဘေးကင်းလုံခြုံရေး အာမခံပေးမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံသားမှမဟုတ်ဘဲ မြန်မာနိုင်ငံအတွင်း နေထိုင်သည့် မည်သည့်နိုင်ငံသားမဆို ဘေးကင်းလုံခြုံရေးအတွက် မိမိတို့မြန်မာနိုင်ငံအစိုးရတွင် တာဝန်ရှိကြောင်း၊ တာဝန်ရှိသည်ဟုလည်းခံယူကြောင်းနှင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြားတွင် ထူးခြားချက်အနေဖြင့် တရုတ်နိုင်ငံ၏စီမံကိန်းများ မြန်မာနိုင်ငံတွင် များစွာရှိကြောင်း၊ လုပ်ဆောင်ပြီးသည့် စီမံကိန်းများ၊ မလုပ်ဆောင်ရသေးသည့် စီမံကိန်းများရှိကြောင်း၊ မကြာမီကာလတွင် အကောင်အထည်ဖော်မည့် စီမံကိန်းများရှိကြောင်း၊ အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် လုံခြုံမှုပိုရှိစေရေးလုပ်ဆောင်ပေးလျက်ရှိကြောင်း၊ အခြားနိုင်ငံများ၏ စီမံကိန်းများလည်းရှိကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများမှ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းများလည်း ရှိပါကြောင်း၊ အဆိုပါစီမံကိန်းများသည်လည်း အလားတူပင်ဖြစ်ပါကြောင်း၊ စီမံကိန်းများလုံခြုံရေးအတွက် အထူးအစီအစဉ်များကို မြန်မာနိုင်ငံအစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အချိန်တန်လျှင် သိရမည်ဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ ပို၍လုံခြုံမှုရှိသည့်၊ အာမခံချက်ရှိသည့် အခြေအနေတစ်ရပ် မလွဲမသွေဖြစ်ပေါ်လာမည်ဟု ပြောလိုပါကြောင်း ဖြေကြားသည်။

**BBC သတင်းဌာနမှ အကြီးတန်းသတင်းထောက် ကိုသန့်ဇင်ဦး** က KK Park ရှိ အဆောက်အအုံများဖြိုချသည့်ကိစ္စနှင့်ပတ်သက်၍ ဆက်စပ်မေးခွန်းများကို မေးလိုပါကြောင်း၊ အဆောက်အအုံများကိုဖြိုချခြင်း၊ အဆောက်အအုံများကို မဖြိုချသေးဘဲရှိပြီးသားသက်သေများဖြစ်သည့် ကွန်ပျူတာများ၊ ဖုန်းများက ရရှိသည့်သက်သေများနှင့်အတူ နိုင်ငံတကာနှင့် ပူးပေါင်းဖော်ထုတ်လျှင် ပို၍ကောင်းမည်ဟုထင်မိကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ပြောခွင့်ရသူသည် အမေရိကန်နိုင်ငံက ဖွဲ့စည်းလိုက်သည့် Scam နှင့်ပတ်သက်သည့် အထူးအဖွဲ့နောက်တွင် Hidden Agenda ရှိသည်ဟုပြောထားကြောင်း၊ မည်သည့်အကြောင်းအရာ တစ်ခုခုသိရှိထားသည်ကို သိလိုပါကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဖြိုချဖျက်ဆီးမှုနှင့်ပတ်သက်၍ ပြောကြားပြီးဖြစ်သည့်အတွက် ထပ်မံမပြောလိုတော့ကြောင်း၊ အမေရိကန်နှင့် ပတ်သက်သည့် အကြောင်းအရာကိုသာ ပြောမည်ဖြစ်ကြောင်း၊ မိမိပြောခဲ့သည့် Hidden Agenda ဆိုသည်မှာ ၎င်းတို့၏ထုတ်ပြန်ချက်ကို လေ့လာကြည့်လျှင် သိနိုင်ပါကြောင်း၊ ၎င်းတို့၏ထုတ်ပြန်ချက်ထဲတွင် မိမိတို့နိုင်ငံနယ်စပ်ရှိ Online Scam နှင့်ပတ်သက်သည့် နေရာ ၂ နေရာကို ၎င်းတို့ရောက်ရှိစစ်ဆေးခဲ့သည်ဟုပါရှိကြောင်း၊ နံပါတ်(၁)မေးခွန်းအနေဖြင့် ၎င်းနေရာကို အမေရိကန်နိုင်ငံက မည်သူတွေက ရောက်တာလဲ။ မြန်မာအစိုးရပိုင်နက်ထဲ ရှိနေသည့်နေရာကို မည်သူက မည်သည့်နည်းဖြင့် ဝင်ရောက်တာလဲ။ မည်သူနှင့် ပူးပေါင်းဆောင်ရွက်တာလဲ။ သေချာသည်မှာ မိမိတို့အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိပါကြောင်း၊ ထိုသို့ဆိုလျှင် ၎င်းတို့၏အစီအစဉ်ကဘာလဲ။ ပြီးလျှင် ၎င်းတို့က Task Force အဖွဲ့ ဖွဲ့စည်းပြီးသည့်နောက်တွင် မိမိတို့နှင့်တရားဝင်ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းမရှိပါကြောင်း၊ ထူးခြားချက်အနေဖြင့်တွေ့ရသည်မှာ တချို့ EAOs များ၏ ထုတ်ပြန်ချက်အနေဖြင့် အားလုံးလည်းတွေ့ရမှာဖြစ်ပါကြောင်း၊ BBC သတင်းဌာနအနေဖြင့်လည်း နိုင်ငံတကာသတင်းဌာန ဖြစ်သည့်အတွက် မြန်မာအစိုးရ၏သတင်းကိုလည်း ဖော်ပြကြောင်း၊ EAOs များ၏ သတင်းကိုလည်း ဖော်ပြသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ တချို့ EAOs များ၏ထုတ်ပြန်ချက်အနေဖြင့် အမေရိကန်က ပို့လိုက်သည့် Task Force နှင့် ၎င်းတို့ပူးပေါင်းဆောင်ရွက်ရန် လုပ်နေသည်ဆိုသည်ကို ထူးထူးခြားခြားတွေ့ရကြောင်း၊ ယင်းကိုလည်း ထုတ်ပြန်ထားပါကြောင်း၊ မိမိပြောသကဲ့သို့ နောက်ကွယ်တွင် တစ်ခုခုရှိလို့သာလျှင် ယခု အပြုအမူများ၊ အကြောင်းအရာများပေါ်လာသည်ဟု ထင်မြင်မိပါကြောင်း၊ ဤသည်မှာ မိမိပြောသည့် Hidden Agenda ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ **BBC သတင်းဌာနမှ ကိုသန့်ဇင်ဦး** က မနေ့က တရုတ်လက်ထောက်ဝန်ကြီးနှင့်အဖွဲ့ ရောက်လာမှုနှင့်ပတ်သက်ပြီး ဆက်စပ်သည့်မေးခွန်း မေးလိုပါကြောင်း၊ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနလက်ထောက်ဝန်ကြီးက အွန်လိုင်းငွေလိမ်လုပ်ငန်းများကို ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ယင်းလုပ်ငန်းများကို အကြောင်းပြပြီး ပြည်ပစွက်ဖက်မှုများ လက်မခံဘူးဆိုသည့် ဆွေးနွေးချက်အပေါ် မြန်မာအစိုးရ၏တုံ့ပြန်ချက်ကို သိလိုပါကြောင်း မေးမြန်းသည်။

## ပြည်ပစွက်ဖက်မှုများကိုလက်မခံ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မြန်မာအစိုးရ၏ တုံ့ပြန်ချက်မှာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအဖွဲ့သည် နိုင်ငံတကာအွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးအဖွဲ့တွင် ပထမဦးဆုံး ပေါ်ပေါက်ခဲ့သည့်အဖွဲ့ဖြစ်ပါကြောင်း၊ ထပ်ပြီးပြောရလျှင် လက်တွေ့အလုပ်အဖြစ်ဆုံးနှင့် အထိရောက်ဆုံးအဖွဲ့ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဆက်လက်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ပြည်ပစွက်ဖက်မှုများကို လက်မခံပါကြောင်း၊ ပြည်ပစွက်ဖက်မှုဆိုသည့်အပိုင်းတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးနားချင်းနိုင်ငံဖြစ်သည့်အတွက် ၎င်းတို့၏တွေ့ရှိချက်များကို သံတမန်ဆက်ဆံရေးမှာ မိမိတို့အား ပြောရသည်များရှိပါကြောင်း၊ မိမိတို့အနေဖြင့်လည်း မိမိတို့၏တွေ့ရှိချက်များကို ပြောရသည်လည်းရှိပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံတည်းမဟုတ်ဘဲ၊ မြန်မာ-အိန္ဒိယ ဆက်ဆံရေး၊ မြန်မာ-ထိုင်း ဆက်ဆံရေးတို့တွင်လည်း ယခုကဲ့သို့ပင်ဖြစ်ပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ဆက်ဆံရေး၊ မြန်မာ-လာအို ဆက်ဆံရေးများတွင်လည်း ထိုကဲ့သို့ပင်ရှိပါကြောင်း၊ အိမ်နီးနားချင်းနိုင်ငံတစ်နိုင်ငံ၏ မတည်ငြိမ်မှုသည် ကျန်အိမ်နီးနားချင်းနိုင်ငံများမှာလည်း မလွဲမသွေ ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ မတည်ငြိမ်မှုသည်လည်း မိမိတို့၏ အိမ်နီးနားချင်းနိုင်ငံများအနေဖြင့် မလွဲမသွေ အနည်းနှင့် အများရိုက်ခတ်မှုရှိနိုင်ကြောင်း၊ ထိုင်းနိုင်ငံ၏ မတည်ငြိမ်မှုတစ်ခုရှိခဲ့လျှင်လည်း မိမိတို့မြန်မာနိုင်ငံမှာ ရိုက်ခတ်မှုရှိနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏သတင်းဖလှယ်မှုသည် မိမိတို့ကြားသိရသည့် အရာမှန်သမျှကို ဖလှယ်နေရခြင်းဖြစ်ကြောင်း၊ တခြားသော အိမ်နီးနားချင်းနိုင်ငံများအနေဖြင့်လည်း ၎င်းတို့ ကြားသိရသည့် သတင်းများကို မိမိတို့နှင့် သတင်းဖလှယ်နေရကြောင်း၊ ထိုကဲ့သို့ သတင်းဖလှယ်မှုနှင့်ပတ်သက်ပြီး မိမိတို့မြန်မာအစိုးရ၏ သဘောထားမှာ သတင်းဖလှယ်မှုများသည် ဂရုပြုလုပ်ဆောင်ရမည်၊ မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုတွင် အလေးထားရမည်ဟု သဘောထားကြောင်း ဖြေကြားသည်။

**ဂျပန်နိုင်ငံ Sankei Shimbun သတင်းစာမှ ဌာနေသတင်းထောက် ဒေါက်တာဇော်သန်း** က နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှုကို အမြစ်ပြတ်နှိမ်နင်းရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နေသည့်အချိန်တွင် အမေရိကန်က Special Striking Force ဆိုပြီး Online Scam ကို နှိမ်နင်းဖို့အဖွဲ့ ဖွဲ့လိုက်သည်ကို ကြားသိရပါကြောင်း၊ ရည်ရွယ်ချက်ချင်းအတူတူ ရဲချုပ်ကြီး အမိန့်ရှိသလို မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း အမေရိကန်က မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိသည်ကို သိရှိရပါကြောင်း၊ Online Scam လိမ်လည်မှုနှိမ်နင်းရေးမှာ အမေရိကန်အစိုးရ၏ Special Striking Force က မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဟူသည့် ကမ်းလှမ်းချက်များရှိပါက လက်ခံဖို့ ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိတို့ မြန်မာနိုင်ငံအစိုးရ၏မူဝါဒမှာ မိမိတို့နိုင်ငံနှင့် မိမိတို့ပြည်သူလူထု၏ကောင်းကျိုးကို လိုလားသည့်မည်သည့်အဖွဲ့အစည်းကိုမဆို မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်အတွက် အသင့်ရှိနေပါကြောင်း၊ နံပါတ်(၁)အနေဖြင့် မိမိတို့ပြည်သူ၊ နံပါတ်(၂)က မိမိတို့နိုင်ငံကောင်းကျိုးကို လိုလားရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့မဟုတ်ပါက မိမိတို့အနေဖြင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာကိုကြည့်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**The Statesman Journal မှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း** က ဗိုလ်ချုပ်တို့ ခုနက မတ်တပ်ရပ်ပြီးပြည်သူလူထုကိုမေတ္တာရပ်ခံပြောတာလေးလည်း ချီးကျူးပါကြောင်း၊ ဂုဏ်ပြုပါကြောင်း၊ ဝမ်းသာပါကြောင်း၊ ဗိုလ်ချုပ်တို့ ကြွေးကြော်သွားတာလေးလည်း တော်တော်ကောင်းပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုအမြစ်ဖြတ်နှိမ်နင်းရေးဆိုသည့်အတွက် အမြစ်ပြတ်မယ်လို့လည်း မျှော်လင့်ပါကြောင်း၊ လက်ရှိမှာ Online Scam ကိစ္စသည် အမေရိကန်ရော၊ တရုတ်ရော ခြေရှုပ်လာပြီးတော့ နှစ်ဖက်လုံး Political အရပါ ကစားလာခဲ့ကြောင်း၊ Online Scamming Issue က Political Issue အဖြစ်နှင့် တဖြည်းဖြည်း ပြောင်းလဲလာပြီးနောက် တိုင်းပြည်၏ ကံကြမ္မာအထိပါ အပြောင်းအလဲဖြစ်သွားနိုင်သည်အထိ တချို့ကိစ္စများရှိနေသည်ဆိုသည့် Information များရှိသည့်အခါ ပြည်သူလူထုကို ယခု Issue ကနေ မြန်မာအစိုးရအနေဖြင့် မည်သည့်သတင်းစကားများ ပါးလိုပါသလဲ။ Online Scam တွင်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊ သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ ပတ်သက်မိနေသူများ၊ ထိုင်းမှာလည်း ထိုင်းအစိုးရအာဏာပိုင်တွေ ရှိနေသကဲ့သို့၊ ကမ္ဘောဒီးယား၊ လာအိုမှာလည်း အာဏာပိုင်အကြီးအကဲတွေထိ ပတ်သက်မှုများ ကြီးကြီးမားမားရှိနေပါကြောင်း၊ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ မတော်တဆဖြစ်စေ ပတ်သက်မိနေသည့် Issue အားလုံးက တိုင်းပြည်တစ်ခုလုံးကို ရှုပ်ယှက်ခတ်သွားနိုင်သည်ဟု မြင်မိပါကြောင်း၊ ၎င်းတို့အားလုံးကို မည်သည့်သတင်းစကားပေးလိုပါသလဲ။ မိမိတို့နယ်စပ်တစ်လျှောက်တွင်ရှိသည့် EAOs များက Online Scam နှင့်ပတ်သက်ပြီး တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊ သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ ပတ်သက်ခဲ့ကြကြောင်း၊ ၎င်းတို့အားလုံးကိုရော မည်သို့သော သတင်းစကားပေးလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။ *စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

**EAOs အဖွဲ့များကိုလည်း လမ်းအမှန်ကို ပြန်လည်လျှောက်လှမ်းကြရန် တိုက်တွန်းလို**

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ယခုမေးခွန်းနှင့် မဆိုင်သည့် အခြေအနေလေးတစ်ခုကို ပြောကြား လိုပါကြောင်း၊ မီဒီယာများပြောကြားချိန်တွင် မိမိတို့ က ဖမ်းဆီးရမိသူများကိုသာ အဓိကထားပြီး ပြောကြားရာ တရုတ်နိုင်ငံသား၊ တခြားတစ်ဖက်က ထိုင်းနိုင်ငံသားဆိုပြီးပြောကြကြောင်း၊ ယင်းနှင့် ပတ်သက်၍ မီဒီယာများကို အသိပေးပြောကြား လိုသည်မှာ ယခုကိစ္စသည် နိုင်ငံတကာဖြတ်ကျော် မှု ရာဇဝတ်မှုပုံစံ၊ နိုင်ငံပေါင်းစုံက မသမာသူ များ ပူးပေါင်းဆောင်ရွက်နေသည့် ပုံစံဖြစ်သော International Organize Crime ဆိုသည့် ပုံစံဖြစ်ပါ ကြောင်း၊ မိမိတို့ မီဒီယာများအနေဖြင့် ယင်းကိစ္စကို ပြောကြားရာတွင် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ တည်းကိုသာ အပြစ်ပုံမချသင့်ကြောင်း၊ ယင်းသည် International Issue ဖြစ်ကြောင်း၊ ထိုသို့အပြစ်ပုံချ လျှင် ဥပမာ– မိမိတို့ မြန်မာနိုင်ငံသော်လည်းကောင်း၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံသော်လည်းကောင်း အပြစ်ပုံချရုံနှင့် ထိုကိစ္စပြီးသွားမည်မဟုတ်ကြောင်း၊ ယင်းသည် International Crime ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအားလုံး၊ အဖွဲ့အစည်းအားလုံး ပူးပေါင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ သတင်းထောက် ကြီးပြောခဲ့သည့်အတိုင်း တိုင်းပြည်၏ကံကြမ္မာကို ပြောင်းပစ်နိုင်သည်ဆိုတာ မှန်ကန်ပါကြောင်း၊ မိမိတို့သိပြီးသားဖြစ်သည့် အရှေ့မြောက်ဒေသတွင် မည်သို့ဖြစ်ခဲ့သလဲ။ အမျိုးစားပေါင်းစုံ၊ အကြောင်း အရာပေါင်းစုံရှိမည်ဖြစ်ကြောင်း၊ သို့သော်လည်း သတင်းထောက်ကြီးတို့သိပြီးသား ကိစ္စဖြစ်သည့် ၁၀၂၇ စစ်ဆင်ရေးဆိုသည်မှာ အွန်လိုင်းလိမ်လည် မှုကို တိုက်ဖျက်ရန်ဆိုသည့် ခေါင်းစဉ်နှင့်လာခြင်း ဖြစ်ကြောင်း၊ ထိုခေါင်းစဉ်၏နောက်ကွယ်တွင် အကြောင်းမျိုးစုံရှိမည်ဖြစ်ကြောင်း၊ မည်မျှလောက် အထိဖြစ်သွားသည်ကို မီဒီယာများအနေဖြင့် မြင်ပြီး သားဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သတင်းစာ ရှင်းလင်းပွဲများ အကြိမ်ကြိမ်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြင်ဦးလွင်မှ စစ်ဘေးရှောင်မည်မျှ ရန်ကုန်ကို ရောက်လာပါသလဲ။ ယင်း၏နောက်ဆက်တွဲဖြစ် သည့် မိုးကုတ်မှ စစ်ဘေးရှောင်မည်မျှ ရန်ကုန်ကို ရောက်လာပါသလဲ။ ယင်းတို့ကို မိမိတို့အနေဖြင့် ပြန်လည်ဖြေရှင်းနေရခြင်းဖြစ်ကြောင်း၊ ဤနေရာ တွင် မိမိတို့အနေဖြင့်ပြောလိုသည်မှာ အွန်လိုင်း လိမ်လည်မှုကို နိုင်ငံတကာက မုန်းပါသည်ဟု ပြောလျှင်၊ ၎င်းတို့မုန်းသည်ထက် မိမိတို့အစိုးရက ခါးခါးသီးသီးမုန်းပါကြောင်း၊ စစ်ဘေးရှောင်နေရ သည့် ပြည်သူလူထုတချို့ရှိပါကြောင်း၊ ထိုပြည်သူ လူထုကို မေးကြည့်၍ရနိုင်ပါကြောင်း၊ ၎င်းတို့ မည်မျှ လောက်မုန်းနေမည်လဲ။ ထို့ကြောင့် မိမိပြောလိုသည် မှာ ယင်းအရာများကို မိမိတို့အနေဖြင့် တိုက်ဖျက် နေရမှာဖြစ်ကြောင်း၊ သိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ ပတ်သက်မှုများစွာရှိနိုင်မည်ဖြစ်ကြောင်း၊ အရှေ့မြောက်ဒေသတွင်လည်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ပတ်သက်နေသည့်သူများ ရှိနိုင် မှာပဲဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အစည်းထဲတွင် လည်းရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့အစည်းများတွင်လည်းရှိကြောင်း၊ မိမိတို့အနေ ဖြင့် အရေးယူပြီးပြီဖြစ်ကြောင်း၊ တော်တော်ကြီးကြီး မားမားကို အရေးယူဆောင်ရွက်ထားခြင်းရှိကြောင်း၊ အလားတူပင် မိမိတို့ အိမ်နီးနားချင်းနိုင်ငံများမှာ လည်း ၎င်းတို့၏သတင်းများကိုထုတ်ပြန်သည်ဖြစ် စေ၊ မထုတ်ပြန်သည်ဖြစ်စေ အရေးယူရသည်များ ရှိပါကြောင်း၊ အစိုးရအဖွဲ့အစည်းများတွင် ပါဝင်နေ သည့်လူများ ကိုယ်တိုင်ကပင် အွန်လိုင်းလိမ်လည် မှုလုပ်ဆောင်နေမှန်းမသိကြပါကြောင်း၊ အပေါ်ယံ ဖုံးကွယ်ထားသည်များ အများအပြားရှိကြောင်း၊ ထို့ကြောင့် မိမိတို့ပြောလိုသည်မှာ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ မိမိတို့အနေဖြင့် ဆက်လက်ပြီး အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိ ပြောလိုသည်မှာ မကောင်းသည့်သွေးများကို ဖောက်ထုတ်ရမည်ဖြစ်ကြောင်း၊ ဆူးစူးခြင်းကြောင့် ပြည်တည်တည်၊ ခလုတ်တိုက်ခြင်းကြောင့် ပြည်တည် တည်၊ ဗိုင်းရပ်ပိုးဝင်ခြင်းကြောင့် ပြည်တည်တည်၊ ပြည်တည်ပြီဆိုလျှင်တော့ ဖောက်ထုတ်ရမည် ဖြစ်ကြောင်း၊ ဖောက်မထုတ်၍လည်း မရနိုင်ပါ ကြောင်း၊ နောက်တစ်ချက်အနေဖြင့် EAOs များနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုလျှင် ၎င်းတို့သည် တိုင်းရင်းသားအရေး၊ လူမျိုးအရေး၊ ဖယ်ဒရယ်အရေးဟူ၍ အကြောင်းပြချက်ပေါင်း များစွာပေးကြောင်း၊ လက်တွေ့တွင် ၎င်းတို့၏ စီးပွားရေးသာ လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း၊ မြေရှားထွက်သော နေရာများတွင် မြေရှားများကို ခိုးထုတ်မည်ဖြစ်ကြောင်း၊ ရေနံထွက်သော နေရာဆို လျှင်လည်း ရေနံများ ခိုးထုတ်မည်ဖြစ်ကြောင်း၊ သစ်ထွက်သောနေရာများတွင်လည်း သစ်ခိုးထုတ် နေမည်သာဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့အစည်း ရပ်တည်ရေးဟု ပြောမည်ဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့ အစည်းရပ်တည်ရေးဟုဆိုလျှင် ၎င်းတို့အဖွဲ့အစည်း ၏ လက်အောက်တွင်ရှိသောအဖွဲ့ဝင်များ၊ ပြည်သူ လူထုများသည် မည်မျှပြောင်ပြောင်ရောင်ရောင် ဖြစ်နေ၊ ချမ်းသာနေပါသလဲ။ မိမိအနေဖြင့် ပွင့်ပွင့် လင်းလင်းပြောမည်ဆိုလျှင် ကချင်ပြည်နယ်အတွင်း မှာ KIA မှ ဖောက်လုပ်ပေးထားသော ပြည်ထောင်စု လမ်းမကြီးများမည်မျှရှိသနည်း။ ရထားလမ်းများ လည်း မည်သည်လောက်ထိရှိသနည်း။ ထိုကဲ့သို့ပင် ကရင်ပြည်နယ်အတွင်းမှာလည်း KNU မှ ဖောက်လုပ် ပေးထားသည့် ပြည်ထောင်စုလမ်းမကြီးများ မည်မျှခန့်ရှိသနည်း။ ရထားလမ်းများလည်း မည်မျှ ရှိသနည်း။ ပြည်သူလူထုများ နေထိုင်နိုင်ရန်အတွက် လူနေအိမ်များမည်မျှရှိပါသနည်း။ သို့သော်လည်း ထိုနေရာများတွင်ရှိသည့် အရာများကို ၎င်းတို့ အနေဖြင့် ရယူခံစားနေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် EAOs များကို မိမိတိုက်တွန်းလိုသည်မှာ NCA ဟူသောလမ်းကြောင်းသည် ရှိနေပြီးသား ဖြစ်ကြောင်း၊ NCA ကို မိမိတို့ရေးဆွဲထားခြင်းမဟုတ် ကြောင်း၊ EAOs အဖွဲ့များကသာ နိုင်ငံတကာအသိုင်း အဝိုင်းများအပါအဝင် ပထမဆုံးရေးဆွဲထားခြင်း ဖြစ်ကြောင်း၊ အခိုင်အမာရှိနေသည့် NCA လမ်းကြောင်း ပေါ်မှ သူတစ်ပါး၏သွေးထိုးလှုံ့ဆော်မှုများကြောင့် မည်သည့်အတွက် ဆင်းချင်ရပါသလဲ၊ NCA လမ်းကြောင်းပေါ်တွင်ရှိနေပါက နိုင်ငံတကာ၏ အကာအကွယ်၊ နိုင်ငံတော်၏ အကာအကွယ်၊ ပြည်သူလူထု၏အကာအကွယ်ကို ရရှိနိုင်ကြောင်း၊ ထိုလမ်းကြောင်းပေါ်မှ ဆင်းချင်သည်ကို မိမိအနေ ဖြင့် အံ့သြမဆုံးဖြစ်ရပါကြောင်း၊ မိမိအနေဖြင့် တိုက်တွန်းလိုသည်မှာ ပြည်သူလူထုများသည် မိမိ တို့နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်လို ကြောင်း၊ နံပါတ်တစ်အချက်အနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့်ပတ်သက်၍ ပုန်းကွယ်ရာ မပေးကြရန်၊ မသိချင်ယောင်မဆောင်ကြရန်၊ မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယခုလုပ်ငန်းစဉ် များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပါဝင်ပတ်သက်နေသည့် EAOs အဖွဲ့များကိုလည်း လမ်းအမှန်ကို ပြန်လည်လျှောက်လှမ်းကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**NHK ဂျပန်ရုပ်မြင်သံကြားဌာနမှ ဒေါ်ခင်မိုမိုမြင့်** က ရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံတကာ လူ့အဖွဲ့အစည်းများမှ ယခုရွေးကောက်ပွဲသည် တရားမျှတမှုမရှိဘဲ အတင်းအကျပ်လုပ်ဆောင်နေ သည်ဟု ဝေဖန်နေပါကြောင်း၊ ယင်းအချက်နှင့် ပတ်သက်၍ဖြေကြားပေးစေလိုပါကြောင်း၊ ယင်း ဝေဖန်မှုကို မည်ကဲ့သို့ထင်မြင်ယူဆပါသလဲ၊ ယခု ရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်ဟု ထင်ပါသလား သိလို ကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာ တွင် တော်တော်မြင့်သည့် စကားလုံးဟု ပြောရမည် ဖြစ်ကြောင်း၊ ယခုမေးခွန်းကို ပြန်လည်မဖြေကြားမီ မိမိအနေဖြင့် အရင်မေးခွန်းတစ်ခု မေးမြန်းလိုပါ ကြောင်း၊ သတင်းထောက်ကြီးမေးတဲ့ နိုင်ငံတကာ လူ့အဖွဲ့အစည်းစံနှုန်းဆိုသည်မှာ ဘာလဲ၊ NHK သတင်းဌာနက သတ်မှတ်ထားသည့် နိုင်ငံတကာ လူ့အဖွဲ့အစည်းဆိုတာ ဘယ်လို စံနှုန်းလဲဆိုသည်ကို မိမိအနေဖြင့် မေးခွန်းထုတ်လိုကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏လူ့အဖွဲ့အစည်းများကို NHK သတင်း ဌာနက ပေမမီ ဒေါက်မမီ၊ ကျပ်မပြည့်တဲ့လူ့အဖွဲ့ အစည်းဖြစ်သည်ဟု ယူဆပါသလား၊ ထိုကဲ့သို့ မဟုတ်ဘူးထင်ကြောင်း၊ ထိုသို့ယူဆပါက ထိုယူဆ ချက်ကို ပထမဆုံးပြင်စေလိုကြောင်း၊ ရွေးကောက်ပွဲ ကို အတင်းအကျပ်လုပ်စရာမလိုကြောင်း၊ မိမိအပါ အဝင် သတင်းထောက်ကြီးနှင့် ပြည်သူလူထုများပါ မြင်တွေ့နေတာဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို အတင်းအကျပ်လုပ်၊ တုတ်နဲ့ရိုက်၍ မဲလာမထည့် မနေရ၊ ရွေးကောက်ပွဲကို မထောက်ခံဘဲမနေရဟူ၍ မလုပ်ထားပါကြောင်း၊ လုပ်စရာလည်း အကြောင်း မရှိပါကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်သူလူထုသိရှိအောင် နေ့စဉ်ထုတ်လွှင့်နေပါ ကြောင်း၊ ရွေးကောက်ပွဲကိုပြည်သူလူထုဘယ်လောက် ထိ လိုလားတယ်ဆိုသည်ကို သိနိုင်ကြောင်း၊ မလိုလားတဲ့ ပြည်သူလူထုလည်းရှိနိုင်သည်ကို မိမိ အနေဖြင့် မငြင်းလိုပါကြောင်း၊ လိုလားတဲ့ပြည်သူ လူထုက ပို၍များနိုင်သည်ဟု ပြောကြားလိုပါ ကြောင်း၊ နောက်တစ်ခုအနေဖြင့် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ပြည်သူလူထုအတွက် ဆောင်ရွက် ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာအတွက် လုပ်ဆောင် နေခြင်းမဟုတ်ကြောင်း၊ မြန်မာနိုင်ငံအတွက် အစိုးရတာဝန်ပေးရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ မိမိပြောလို သည်မှာ ရွေးကောက်ပွဲသည် မြန်မာပြည်သူလူထုကို ဗဟိုပြုသည့် ရွေးကောက်ပွဲဖြစ်ပါကြောင်း၊ မြန်မာ ပြည်သူလူထု မဲပေးနိုင်ရေးသည်သာ အရေးကြီး ကြောင်း၊ နိုင်ငံတကာက ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ အရေးမပါကြောင်း၊ မိမိတို့ ရွေးကောက်ပွဲကို မိတ်ဖက်နိုင်ငံများက ကူညီပေး ခြင်း၊ ထောက်ခံပေးခြင်းများရှိကြောင်း၊ မြန်မာနိုင်ငံ ၏ ကောင်းရာကောင်းကျိုးအတွက် မည်ကဲ့သို့ အကူအညီပေးရမည်ကိုလိုလားပြီး ဆောင်ရွက်နေ သည်များရှိကြောင်း၊ ထို့ကြောင့် အပြစ်တင်လိုသူ များက အပြစ်တင်နိုင်ကြောင်း၊ မိမိတို့အနေဖြင့် မူလရည်မှန်းချက်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ် ကို ပြန်သွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို မလွဲမသွေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားမျှတမှုရှိ၊ မရှိဆိုသည်ကိုတော့ ရွေးကောက်ပွဲအခြေအနေ သုံးရပ်လုံး ကြည့်ရန်လိုကြောင်း၊ ရွေးကောက်ပွဲ ကနဦးအခြေအနေ၊ ရွေးကောက်ပွဲလုပ်တဲ့အချိန်မှာ မည်ကဲ့သို့ လုပ်ခဲ့လဲ၊ ရွေးကောက်ပွဲပြီးတဲ့အချိန်မှာ ဘယ်လိုလုပ်ခဲ့လဲ၊ အခြေအနေသုံးရပ်လုံးဆောင်ရွက် ပြီးမှသာ သုံးသပ်တာ ကောင်းမည်ဖြစ်ကြောင်း၊ ဘာမျှမလုပ်ရသေးဘဲ တရားမျှတသောရွေးကောက် ပွဲမဖြစ်နိုင်၊ တရားမမျှတသော ရွေးကောက်ပွဲမဖြစ် နိုင်ဟု ပြောဆိုနေကြသည်မှာ တရားနည်းလမ်း ကျသော ဆုံးဖြတ်ချက်မျိုး၊ သုံးသပ်ချက်မျိုး မဟုတ် ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေဝန်းဂျာနယ်မှ အမှုဆောင်အယ်ဒီတာ ချုပ် ဦးမိုးဟိန်း** က မြန်မာနိုင်ငံ၏ ပြည်သူလူထု ကြား၊ နိုင်ငံတကာအကြားအထူးစိတ်ဝင်စားနေသော မေးခွန်းတစ်ခုရှိပါကြောင်း၊ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရွေးကောက်ပွဲအလွန်ကာလတွင် ပါဝင်ဆောင်ရွက် မည့် နိုင်ငံရေးအခင်းအကျင်း၊ ပါဝင်ဆောင်ရွက်မည့် အခန်းကဏ္ဍကို မေးမြန်းလိုပါကြောင်း၊ ယခုကဲ့သို့ မေးမြန်းနိုင်ရန် သူရိယနေဝန်းမီဒီယာမှ လူထုကြား တွင် မြေပြင်/အွန်လိုင်းမှတစ်ဆင့် လူထုသဘော ထားကို ၃ လခန့် ကွင်းဆင်းကောက်ယူခဲ့ပါကြောင်း၊ ကောက်ခံရရှိသည့် လူထုအများစုမှာ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နိုင်ငံတော်တွင် ကြုံတွေ့နေရသည့် ဘက်စုံအကျပ်အတည်းဖြစ်စဉ်တွင် ပြည်ထောင်စု မပြိုကွဲစေရန် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဦးဆောင်မှု အခန်းကဏ္ဍသည် အလွန်အရေးပါပြီး ကျေးဇူးတင်ရှိ နေကြသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲအောင်မြင်ပြီး လွှတ်တော်များ ပေါ်ပေါက်လာသည့်အခါ လွှတ်တော်များ၏ရွေးချယ် မှုအရလည်းကောင်း၊ ရရှိသည့် လူထုဆန္ဒသဘောထား အရလည်းကောင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ဆက်လက် ထမ်းဆောင်စေလို၍ ကမ်းလှမ်းခဲ့ပါက နိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေ ဖြင့် သမ္မတကြီးတာဝန်ကို ဆက်လက်ထမ်းဆောင် ရန် အနေအထားမျိုး မြင်တွေ့ရနိုင်ပါသလား၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်ကလည်း လူထုက ပေးအပ်လာသော၊ လွှတ်တော်က ပေးအပ် လာသော နိုင်ငံတော်သမ္မတရာထူးကို ထမ်းဆောင် ရန်အသင့်အနေအထားမျိုးဆန္ဒရှိပါသလားဟူသော မေးခွန်းကို သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းကို မေးမြန်းလိုပါကြောင်း နှင့် ဖြေကြားပေးစေလိုပါကြောင်း မေးမြန်း သည်။

**သမ္မတရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီးပါက အဆင့်ဆင့်မဲပေးရ**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုမေးခွန်းသည် ပုဂ္ဂလိကနှင့်ဆိုင်သော မေးခွန်းဖြစ်သောကြောင့် မိမိအနေဖြင့် မိမိသိသလောက်အထောက်အထား ရှိသလောက်သာ ဖြေကြားမည်ဖြစ်ကြောင်း၊ နိုင်ငံ တော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ယခင်တပ်မတော်ကာကွယ် ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်သည့်အချိန် ၂၀၁၄ ခုနှစ်ခန့်ကတည်းက ပြောကြားခဲ့သည်များ ရှိ ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီကာလ တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် နိုင်ငံရေးကာလတွင် ဘယ်လိုပါဝင်မလဲဆိုသည်ကို မီဒီယာများက မေးမြန်းခဲ့မှုများရှိကြောင်း၊ ထိုအချိန် ကလည်း ပြောခဲ့ဖူးပါကြောင်း၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ကိုယ်တိုင်ကလည်း ယခင်ကတည်းက နိုင်ငံတော်၏တာဝန်အဆင့်ဆင့်ကို ၎င်းကိုယ်တိုင် တာဝန်ယူခဲ့ဖူးကြောင်း၊ နိုင်ငံတော်၏တာဝန်အဆင့် ဆင့်ဆိုသည်မှာ ယခင်တုန်းက တပ်မတော်ကာကွယ် ရေးဦးစီးချုပ်သည် နဝတခေတ်၊ နယကခေတ် မီခဲ့သောကြောင့် နယ်ဘက်တာဝန်များကို တိုင်းပြည် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှာ လည်း ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ကိုလည်း ထမ်းဆောင်နေခြင်းဖြစ်သောကြောင့် အတွေ့အကြုံ များစွာရှိကြောင်း၊ နိုင်ငံတော်က တာဝန်ပေးလာပါက လည်း နိုင်ငံတော်အတွက် ၎င်း၏အတွေ့အကြုံများကို အသုံးချ၍ လုပ်ဆောင်သွားမည်ဆိုသည့် စကားကို လည်း ပြောခဲ့ဖူးပါကြောင်း၊ ယင်းအကြောင်းအရာ များကို မိမိအနေဖြင့်ပြန်လည်ကိုးကား၍ ပြောလိုပါ ကြောင်း၊ သမ္မတရွေးချယ်မှုအနေဖြင့် တစ်ဦးချင်း အနေဖြင့် နိုင်ငံတော်သမ္မတကို လုပ်ချင်ပါတယ်လို့ လည်းပြောလို့မရပါကြောင်း၊ မလုပ်ချင်ပါဘူးဟူ၍ လည်း ပြောလို့မရပါကြောင်း၊ ဥပဒေအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ လုပ်ချင်ပါတယ်ဆိုတိုင်းလည်း ဥပဒေနှင့်မညီလျှင် မဖြစ်နိုင်ကြောင်း၊ မလုပ်ချင်ပါဘူးဆိုတိုင်းလည်း ရွေးကောက်တင်မြှောက်ခံရပါက မလုပ်၍ မရပါ ကြောင်း၊ လုပ်ချင်ပါတယ်လို့ဆိုတိုင်းလည်း မဖြစ်တဲ့ သူများကိုလည်း ရှေ့မှာလည်း တွေ့ခဲ့ဖူးပြီဖြစ်ကြောင်း၊ သမ္မတရွေးချယ်ရာတွင် အခြေခံအချက်များရှိပါ ကြောင်း၊ အခြေခံအချက်အလက်များမှာ ပြည်သူ လူထုက ရွေးချယ်လိုက်သည့် လွှတ်တော်အမတ် ကိုယ်စားလှယ်များမှတစ်ဆင့် ဒုတိယသမ္မတကို ရွေးချယ်ရကြောင်း၊ သမ္မတရွေးချယ်တင်မြှောက်ခြင်း ကိစ္စသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) တွင်ပါရှိပြီးဖြစ်ကြောင်း၊ သမ္မတရွေးချယ်ရေး အဖွဲ့ဖြင့် ရွေးချယ်ပြီးပါက အဆင့်ဆင့်မဲပေးရ ကြောင်း၊ မဲပေးပြီး သမ္မတဖြစ်လာပါက ဥပဒေအရ အကျုံးဝင်သဖြင့် သမ္မတတာဝန်ထမ်းဆောင်နိုင်ပါ ကြောင်း၊ မိမိအနေဖြင့် အနှစ်ချုပ်ပြောကြားလို သည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ဖြစ်ပါလိမ့်မည်ဟုသာ ပြောလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပဉ္စမမြောက် လာအို-ထိုင်း ချစ်ကြည်ရေးတံတား နယ်စပ်ဖြတ်ကျော် ချိတ်ဆက်မှုများကို မြှင့်တင်ပေးမည်

**ဗီယင်ကျန်း ဒီဇင်ဘာ ၁၇**

လာအိုနိုင်ငံ ဘိုလီခမ်ဆေးပြည်နယ်နှင့် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း ဘန်းကန်ပြည်နယ်ကို ဆက်သွယ်ထားသော ပဉ္စမမြောက် လာအို – ထိုင်း ချစ်ကြည်ရေးတံတားကို အများပြည်သူအတွက် ဒီဇင်ဘာ ၂၅ ရက်တွင် ဖွင့်လှစ်ပေးတော့မည်ဖြစ်ရာ နှစ်နိုင်ငံကြား ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လူမှုစီးပွားပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာတော့မည် ဖြစ်သည်။

တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ ယခုအခါ ယာဉ်များကို စကင်ဖတ်စစ်ဆေးခြင်း၊ စာရွက်စာတမ်းများ မှတ်ပုံတင်ခြင်းနှင့်အခြား ဝန်ဆောင်မှုလုပ်ငန်းစဉ်များအပါအဝင် လည်ပတ်မှုစနစ်များကို စမ်းသပ်စစ်ဆေးရန် နောက်ဆုံးအဆင့် ပြင်ဆင်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း လာအိုသတင်းအေဂျင်စီက ဒီဇင်ဘာ ၁၇ ရက်တွင် ဖော်ပြထားသည်။

အဆိုပါ တံတားသည် မဲခေါင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားပြီး လာအိုနိုင်ငံဘက်တွင် ၅၃၅ မီတာနှင့် ထိုင်းနိုင်ငံဘက်တွင် ၈၁၅ မီတာ ရှည်လျားကြောင်း သိရသည်။ တံတားဖွင့်ပွဲပြီးပါက လာအိုနှင့် ထိုင်းနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေးနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ကူးလူးဆက်သွယ်မှုများကို ပိုမိုမြှင့်တင်ပေးနိုင်သွားဖွယ်ရှိသည်။

**ဆင်ဟွာ**





# နယ်သာလန်၌ လူငယ်ဦးရေထက် သက်ကြီးရွယ်အိုဦးရေ ပိုမိုများပြား

**သည်ဟိတ် ဒီဇင်ဘာ ၁၇**

နယ်သာလန်နိုင်ငံ၌ အသက် ၆၅ နှစ်နှင့်အထက် လူဦးရေမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပထမဆုံးအကြိမ် အသက် ၂၀ အောက် လူငယ်အရေအတွက်ထက် ပိုမိုကျော်လွန်သွားခဲ့ပြီး လူဦးရေကွာဟချက်သည် လာမည့်ဆယ်စုနှစ်များစွာအတွင်း ပို၍ကျယ်ပြန့်လာမည်ဟု ခန့်မှန်းထားကြောင်း နယ်သာလန်စာရင်းအင်း႒ာန(စီဘီအက်စ်)က ဒီဇင်ဘာ ၁၆ ရက်တွင် ပြောသည်။

၂၀၂၅ ခုနှစ် နှစ်စပိုင်းတွင် နိုင်ငံအတွင်း အသက် ၂၀အောက် လူဦးရေမှာ ၃ ဒသမ ၂၇ သန်း ရှိပြီး အသက်၆၅နှစ်အထက်လူဦးရေမှာ ၃ ဒသမ ၇၆ သန်းရှိသည်ဟု စီဘီအက်စ်ကပြောသည်။ ၂၀၂၅ ခုနှစ်မှ ၂၀၇၀ ပြည့်နှစ်အတွင်း သက်ကြီးရွယ်အို လူဦးရေမှာ ပိုမိုမြန်ဆန်စွာတိုးလာမည်ဟု စီဘီအက်စ်က ခန့်မှန်းထားသည်။ ၂၀၇၀ ပြည့်နှစ်တွင် နယ်သာလန်နိုင်ငံ၏ အသက် ၂၀ အောက် လူဦးရေမှာ ၄ ဒသမ ၁ သန်းရှိလာမည်ဟု ခန့်မှန်းထားပြီး အသက် ၆၅ နှစ်နှင့်အထက် လူဦးရေမှာ ၅ ဒသမ ၄ သန်းရှိလာမည်ဖြစ်သည်ဟု စီဘီအက်စ်က ခန့်မှန်းထားသည်။

သက်ကြီးရွယ်အိုလူဦးရေတွင်လည်း အသက် ၈၀ နှင့်အထက် လူဦးရေမှာ သိသိသာသာ တိုးလာမည်ဟု ခန့်မှန်းထားသည်။ နယ်သာလန်နိုင်ငံ၌ သက်ကြီးရွယ်အို လူဦးရေတိုးလာခြင်းမှာ သက်တမ်းတိုးလာခြင်းနှင့် ကလေးမွေးဖွားမှုနှုန်း လျော့ကျလာခြင်းကြောင့် ဖြစ်သည်။ အလုပ်လုပ်နိုင်သည့် အရွယ် အသက် ၂၀ မှ ၆၅ နှစ်အတွင်း လူဦးရေမှာ လက်ရှိတွင် စုစုပေါင်းလူဦးရေ၏ ၅၉ ရာခိုင်နှုန်းရှိသည်။

အဆိုပါ အရေအတွက်မှာ ၂၀၄၀ ပြည့်နှစ်တွင် ၅၅ ရာခိုင်နှုန်းဝန်းကျင် ကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။ စုစုပေါင်းလူဦးရေသည် လာမည့်ဆယ်စုနှစ်များအတွင်း ဆက်လက်တိုးပွားလာဦးမည်ဟု ခန့်မှန်းထားပြီး ယင်းသို့ တိုးပွားလာခြင်းမှာ သက်တမ်းရှည်လာခြင်း တစ်ခုတည်းကြောင့်မဟုတ်ဘဲ ရွှေ့ပြောင်းနေထိုင်မှုများကြောင့်ဖြစ်သည်ဟု ခန့်မှန်းထားသည်။

**ဆင်ဟွာ**

# လက်ဘနွန်နိုင်ငံ၌ အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် ဘတ်စ်ကားအစီး ၃၀ ကာတာလှူဒါန်း

**ဘေရွတ် ဒီဇင်ဘာ ၁၇**

လက်ဘနွန်နိုင်ငံ၏အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို ကူညီပေးရန်အတွက် ကာတာနိုင်ငံက ဘတ်စ်ကားအစီး ၃၀ လှူဒါန်းခဲ့သည်ဟု ဒီဇင်ဘာ ၁၆ ရက်တွင် အာဏာပိုင်များက သတင်းထုတ်ပြန်သည်။

ဘေရွတ်မြို့ မာမီခေးလ်ခရိုင် အများပြည်သူ သယ်ယူပို့ဆောင်ရေးနှင့် မီးရထားအာဏာပိုင်အဖွဲ့ ႒ာနချုပ်တွင် အဆိုပါ ဘတ်စ်ကားများ လွှဲပြောင်းပေးမှုကို ဆောင်ရွက်ခဲ့သည်။ လက်ဘနွန်နိုင်ငံ၌ မရှိမဖြစ်လိုအပ်သည့် အများပြည်သူဝန်ဆောင်မှုစနစ်ပြန်လည်ရှင်သန်ရေး အစိုးရ၏ ကြိုးပမ်းအားထုတ်မှုကို ကူညီသည့်အနေဖြင့် ယခုလို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း အယ်နာရှာသတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါအခမ်းအနားသို့ လက်ဘနွန်အရာရှိများနှင့် လက်ဘနွန်နိုင်ငံဆိုင်ရာ ကာတာသံအမတ်ကြီးတို့ တက်ရောက်ခဲ့ကြသည်။ လှူဒါန်းထားသည့် ဘတ်စ်ကားများဖြင့် လက်ရှိ လမ်းကြောင်းများကို အားဖြည့်ပေးပြီး ဝန်ဆောင်မှုအားနည်းသည့်နေရာများတွင် တိုးချဲ့ဝန်ဆောင်မှုပေးနိုင်မည်ဟု လက်ဘနွန် အာဏာပိုင်များက ပြောသည်။

ခရီးသည်များအတွက်လည်း ပိုမိုဘေးကင်းလုံခြုံစွာသွားလာနိုင်ပြီး သက်သာသောစရိတ်ဖြင့် သွားလာနိုင်မည်ဟု လက်ဘနွန်အာဏာပိုင်များက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# လာမည့်ဘဏ္ဍာနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် ယန်း ၉ ထရီလီယံကျော်အသုံးပြုရန် ဂျပန်မျှော်မှန်း

**တိုကျို ဒီဇင်ဘာ ၁၇**

ဂျပန်အစိုးရသည် လာမည့် ဘဏ္ဍာနှစ်အတွက် စံချိန်တင်များပြားသည့် ကာကွယ်ရေးအသုံးစရိတ်ကို ယန်း ၉ ထရီလီယံကျော်၊ တစ်နည်းအားဖြင့် အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၁၂ ဘီလီယံခန့် တောင်းခံရန် စီစဉ်လျက်ရှိသည်။

ယခုတောင်းခံမည့် ကာကွယ်ရေးအသုံးစရိတ်သည် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန် လိုအပ်သောပမာဏဖြစ်ပြီး ဒရုန်းအခြေစိုက်ကမ်းရိုးတန်းကာကွယ်ရေးစနစ်နှင့် တန်ပြန်တိုက်ခိုက်ရေးစွမ်းရည်စနစ်များ ပါဝင်မည်ဖြစ်သည်။

လက်ရှိကာကွယ်ရေးတည်ဆောက်မှုအစီအစဉ်အရ ဂျပန်အစိုးရသည် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၇ ခုနှစ် ဘဏ္ဍာရေးနှစ်ကြား ယန်း ၄၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၇၇ ဒသမ ၆၇ ဘီလီယံခန့်)သုံးစွဲရန် စီစဉ်ထားသည်။ ဘဏ္ဍာရေးဝန်ကြီး႒ာနနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ကာကွယ်ရေးဝန်ကြီး႒ာနက အမေရိကန်တပ်ဖွဲ့ ပြန်လည်ပြောင်းလဲမှုနှင့် ဆက်စပ်အသုံးစရိတ်များအပါအဝင် ၎င်း၏ ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်စာရင်းပြုစုမှုသည် နောက်ဆုံးအဆင့် ထိရောက်နေပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး႒ာနက ရန်သူ့လက်နက်များ အလှမ်းမမီနိုင်သည့် အကွာအဝေးပြင်ပမှ ပစ်မှတ်များကို တိုက်ခိုက်နိုင်သည့် ကာကွယ်ရေးစွမ်းရည်တစ်မျိုးကို မြှင့်တင်ရန် စီစဉ်ထားသည်။ အဆင့်မြှင့်တင်ထားသည့် ပြည်တွင်းထုတ် Type-12 မြေပြင်မှ သင်္ဘောပစ်ဒုံးကျည်များ ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံခန့်လျာထားသည်။ နောက်ထပ်အမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၇၂ သန်းကို အသံထက်မြန်သောလက်နက်များ ဝယ်ယူရန် ခွဲဝေသတ်မှတ်ထားသည်။

**အင်န်အိတ်ချ်ကေ**




# လီဗာပူးအသင်း ဖလားရ၍ အောင်ပွဲခံနေသည့်လူအုပ်အတွင်း ကားဖြင့် တိုက်ခဲ့သည့် ပေါလ်ဒွိုင်းလ်ကို ထောင်ဒဏ် ၂၁ နှစ်နှင့် ခြောက်လ ချမှတ်

**လန်ဒန် ဒီဇင်ဘာ ၁၇**

ပြီးခဲ့သည့် မေလက လီဗာပူးမြို့တွင် ကားတိုက်မှုကျူးလွန်သူ ပေါလ်ဒွိုင်းလ်ကို ပြစ်မှုပေါင်း ၃၁ ခုဖြင့် ဒီဇင်ဘာ ၁၆ ရက်တွင် ထောင်ဒဏ် ၂၁ နှစ်နှင့် ခြောက်လ ချမှတ်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ပေါလ်ဒွိုင်းလ်သည် မေလ ၂၆ ရက်က လီဗာပူးမြို့လယ်တွင် လီဗာပူးအသင်း ပရီမီယာလိဂ် ဖလား ဆွတ်ခူးရရှိမှုအတွက် အောင်ပွဲခံနေကြသည့် လူအုပ်အတွင်းသို့ ကားဖြင့် မောင်းနှင်ဝင်ရောက် တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့သည်။

စွဲချက်များတွင် အန္တရာယ်ရှိစွာ မောင်းနှင်မှု၊ ရန်းရင်းဆန်ခတ်ဖြစ်အောင်လုပ်ဆောင်မှု၊ ပြင်းထန်သော ကိုယ်ခန္ဓာနာကျင်မှုဖြစ်စေရန် ရည်ရွယ်ပြုလုပ်မှု ကိုးမှု၊ ပြင်းထန်သော နာကျင်မှုဖြစ်စေရန် ကြံစည်အားထုတ်မှု ၁၇ မှုနှင့် ထိခိုက်ဒဏ်ရာရရှိရန် ရည်ရွယ်ပြုလုပ်မှု သုံးမှုတို့ ပါဝင်ကြောင်း သိရသည်။ စွဲချက်အားလုံးအတွက် ပြစ်မှုထင်ရှားကြောင်း လီဗာပူးတရားရုံးက ဒီဇင်ဘာ ၁၆ ရက်တွင် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အသက် ၅၄ နှစ်အရွယ် ပေါလ်ဒွိုင်းလ်သည် ယခင်က တော်ဝင်ရေကြောင်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း အရက်ဆိုင်တစ်ဆိုင်၌ ခိုက်ရန်ဖြစ်ပွားစဉ် လူတစ်ဦး၏ နားရွက်ကို ကိုက်ဖြတ်မှုကြောင့် ပြစ်ဒဏ်စီရင်ခြင်း ခံခဲ့ရဖူးသည်။ နောက်ပိုင်း ၁၉၉၄ ခုနှစ် နိုဝင်ဘာလတွင် ပြင်းထန်သော ကိုယ်ခန္ဓာနာကျင်မှုဖြင့် ထပ်မံပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရပြီး ထောင်ဒဏ် ၁၂ လ ချမှတ်ခြင်း ခံခဲ့ရကြောင်း ဒေသမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ**

## တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၇) ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအား အာဏာသက်ဝင်နိုင်စေရန် လိုအပ်သော နည်းဥပဒေများ၊ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သောလျှောက်လွှာပုံစံများ၊ ဝန်ဆောင်မှုအမျိုးအစားအလိုက်ပေးသွင်းရမည့် အခကြေးငွေများအား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအကောင်အထည်ဖော်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တီထွင်မှုမူပိုင်ခွင့်ဥပဒေအား ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် အာဏာသက်ဝင်နိုင်ခဲ့ပြီး တီထွင်မှုမူပိုင်ခွင့်နှင့် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များအား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့မှ စတင်၍ မူပိုင်ခွင့်ဦးစီးဌာနမှ တရားဝင်လက်ခံ ဆောင်ရွက်လျက်ရှိပါသည်။

၂။ တီထွင်မှုမူပိုင်ခွင့်ဥပဒေသည်အသစ်ဖြစ်သော တီထွင်ဖန်တီးမှုများကို ဥပဒေအရအကာ အကွယ်ပေးသည့်စနစ်ဖြစ်ပြီး တီထွင်သူများအနေဖြင့် မိမိတို့တီထွင်ထားရှိသော တီထွင်ဖန်တီးမှုမှန်သမျှကို အခြားတစ်ဦးဦးမှ အလွယ်တကူ ကူးယူခြင်းမခံရစေရန် တီထွင်မှုမူပိုင်ခွင့် အကာအကွယ်ရယူထားရမည်ဖြစ်ပါသည်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ တီထွင်မှုမူပိုင်ခွင့်နှင့် အသေးစားတီထွင်မှုမူပိုင်ခွင့်ဟူ၍ အမျိုးအစားနှစ်မျိုးဖြင့် အကာအကွယ်ရယူနိုင်ပါသည်။ တီထွင်မှုမူပိုင်ခွင့်သည် လျှောက်ထားသောနိုင်ငံသို့မဟုတ် ဒေသအတွင်း၌သာ မူပိုင်ခွင့်ရရှိနိုင်သည့်စနစ်ဖြစ်ပြီး တီထွင်မှုမူပိုင်ခွင့်၏ သက်တမ်းမှာ လျှောက်ထားသည့်နေ့မှ နှစ် ၂၀ ဖြစ်ပြီး အသေးစားတီထွင်မှုမူပိုင်ခွင့်၏ သက်တမ်းမှာ လျှောက်ထားသည့်နေ့မှ ၁၀ နှစ် ဖြစ်ပါသည်။

၃။ တီထွင်မှုမူပိုင်ခွင့်နှင့် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းများကို မူပိုင်ခွင့်ဦးစီးဌာနသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်သင်တန်း တက်ရောက်အောင်မြင်ပြီး WIPO File Account ရရှိထားသော ကိုယ်စားလှယ်များမှ အီလက်ထရောနစ်မှတ်ပုံတင်စနစ် (WIPO File System) ကို အသုံးပြု၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၄။ တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အသိပေးကြေညာချက်များ၊ ထုတ်ပြန်ကြေညာချက်များနှင့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများကို (www.ipd.gov.mm) တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မူပိုင်ခွင့်ဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်) (၀၆၇ ၃၄၃၀၅၉၄)၊ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)(၀၁ ၈၃၀၀၂၈၃)၊ အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး) (၀၉ ၈၉၀၆၁၅၁၅၂) နှင့် တီထွင်မှုမူပိုင်ခွင့်ဌာနခွဲ (၀၆၇ ၃၄၃၀၅၉၅) သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်များနှင့် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်များ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၂၃) ဖြင့် ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပြီးဖြစ်ပါသည်။ စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၃) ဖြင့် ၂၃-၁၀-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ မှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သောလျှောက်လွှာပုံစံ (၁၃) မျိုးကို အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၃) ဖြင့် ၂၀-၁၁-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာဝန်ဆောင်မှုအမျိုးအစားအလိုက် ပေးသွင်းရမည့်အခကြေးငွေများကို အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၄) ဖြင့် ၁၃-၂-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားခြင်းများကို ၉-၂-၂၀၂၄ ရက်နေ့တွင် စတင်လက်ခံဆောင်ရွက်နေပြီဖြစ်ပါသည်။

၂။ မှတ်ပုံတင်လျှောက်ထားခြင်းများကို မူပိုင်ခွင့်ဦးစီးဌာနသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ အီလက်ထရောနစ်စနစ် (CR File System) ကို အသုံးပြု၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။ မူပိုင်ခွင့်ပိုင်ရှင်ကိုယ်တိုင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့် ကိုယ်စားလှယ်သင်တန်းတက်ရောက်ပြီးဖြစ်သည့် ကိုယ်စားလှယ်နှင့်လည်း လျှောက်ထားနိုင်ပါသည်။

၃။ စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လျှောက်လွှာပုံစံများကို မူပိုင်ခွင့်ဦးစီးဌာန ဝက်ဘ်ဆိုက် (ipd.gov.mm) တွင် download ရယူနိုင်ပြီး အခကြေးငွေများ၊ လျှောက်လွှာဖြည့်သွင်းခြင်းဆိုင်ရာလမ်းညွှန်ချက်များကိုလည်း ကြည့်ရှုနိုင်ပါသည်။ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မူပိုင်ခွင့်ဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်) (၀၆၇ ၃၄၃၀၅၉၄)၊ အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်) (၀၁ ၈၃၀၀၂၈၃)၊ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) (၀၉ ၈၉၀၆၁၅၁၅၂) နှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဌာနခွဲ (၀၆၇ ၃၄၃၀၅၉၇) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## စက်မှုဒီဇိုင်းမူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံ၏ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော ထုတ်ကုန်ပစ္စည်းများ၏ အပြင်ပန်းပုံသဏ္ဌာန်ဒီဇိုင်းများနှင့် ယင်းတို့၏ အလှအပအဆင်တန်ဆာဒီဇိုင်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေးအတွက် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လက်ခံစစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ စက်မှုဒီဇိုင်းကို မူပိုင်ခွင့်အကာအကွယ်ရရှိစေရန်အတွက် ဒီဇိုင်းသည် အသစ်ဖြစ်ရန်လိုအပ်ပြီး တုပမှုကင်းစွာ ဖန်တီးထားရမည်ဖြစ်ပါသည်။ စက်မှုဒီဇိုင်းမူပိုင်ခွင့်ရရှိပါက မိမိမူပိုင်ခွင့်ရရှိထားသည့် စက်မှုဒီဇိုင်းကို အခြားသူများမှ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကို ကာကွယ်တားဆီးနိုင်သည့် အခွင့်အရေးများရရှိနိုင်မည်ဖြစ်ပြီး စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စက်မှုဒီဇိုင်းမူပိုင်ခွင့်ရရှိပါက မူပိုင်ခွင့်မှတ်ပုံတင်သက်တမ်းကာလမှာ စက်မှုဒီဇိုင်းစတင်လျှောက်ထားသည့်နေ့မှ ကနဦး (၅)နှစ်တာကာလနှင့် နောက်ထပ် (၅)နှစ် (၂) ကြိမ် သက်တမ်းတိုးနိုင်ပြီး၊ စုစုပေါင်း (၁၅) နှစ် သက်တမ်းရရှိနိုင်မည်ဖြစ်ပါသည်။

၃။ စက်မှုဒီဇိုင်းမူပိုင်ခွင့်ရရှိရန်အတွက် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ကိုယ်စားလှယ်သင်တန်းအောင်မြင်ပြီးသည့် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မူပိုင်ခွင့်ဦးစီးဌာနအောက်ရှိ လျှောက်လွှာလက်ခံဌာန နေပြည်တော်(ရုံးချုပ်)၊ အောက်မြန်မာပြည် ရုံးခွဲ(ရန်ကုန်) နှင့် အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) တို့တွင် လာရောက်လျှောက်ထားခြင်းဖြင့်လည်းကောင်း၊ ဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရောနစ် မှတ်ပုံတင်စနစ် (WIPO File System) ဖြင့် လည်းကောင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သော လျှောက်လွှာပုံစံများ၊ အခကြေးငွေများနှင့် လျှောက်လွှာဖြည့်သွင်းခြင်းဆိုင်ရာလမ်းညွှန်ချက်များကို (ipd.gov.mm) တွင် ကြည့်ရှုနိုင်ပါသည်။ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့် သိရှိလိုသည်များရှိပါက မူပိုင်ခွင့်ဦးစီးဌာန၊ လျှောက်လွှာလက်ခံဌာန နေပြည်တော်(ရုံးချုပ်) (၀၆၇ ၃၄၃၀၅၉၄)၊ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်) (၀၁ ၈၃၈၀၂၈၃)၊ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) (၀၉ ၈၉၀၆၁၅၁၅၂) နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဌာနခွဲ (၀၆၇ ၃၄၃၀၅၉၈) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက်စည်းမျဉ်းကို အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၄) ဖြင့် ၆-၈-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းအတွက် လိုအပ်သော လျှောက်လွှာပုံစံများသတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၄) ဖြင့် ၁၆-၁၀-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းအတွက် ဝန်ဆောင်မှုအမျိုးအစားအလိုက်ပေးသွင်းရမည့် အခကြေးငွေသတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅) ဖြင့် ၂၈-၂-၂၀၂၅ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းအား ၁၆-၇-၂၀၂၅ ရက်နေ့မှစတင်၍ လျှောက်ထားနိုင်ပြီဖြစ်ပါသည်။

၂။ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းကို ရုံးအမှတ် (၅၂)၊ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

၃။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် လျှောက်လွှာပုံစံများကို မူပိုင်ခွင့်ဦးစီးဌာန ဝက်ဘ်ဆိုက် (ipd.gov.mm) တွင် download ရယူနိုင်ပြီး ပေးသွင်းရမည့် အခကြေးငွေ၊ အသိပေးကြေညာချက်တို့ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက စာပေနှင့်အနုပညာမူပိုင်ခွင့်ဌာနခွဲ (၀၆၇ ၃၄၃၀၅၉၇) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အမှတ်တံဆိပ်များ မှတ်ပုံတင်လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအပါအဝင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေသော လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ၏ အမှတ်တံဆိပ်ကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးနှင့်အတူ မူပိုင်ခွင့်အကာအကွယ်ရယူလျှောက်ထားနိုင်ကြောင်း အမိန့်အမှတ် (၆၃/ ၂၀၂၀)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အသုံးပြုခြင်းဆိုင်ရာဦးစားပေးအခွင့်အရေးနှင့်အတူ လျှောက်ထားနိုင်သော အမှတ်တံဆိပ်အဟောင်းများကို မူပိုင်ခွင့်အကာအကွယ်ရယူရန်သာမက အမှတ်တံဆိပ်အသစ်များကိုလည်း မူပိုင်ခွင့်အကာအကွယ်ရယူနိုင်ရေးအတွက် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှစ၍ တရားဝင်စတင်လက်ခံပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၍ လက်ခံဆောင်ရွက်ခဲ့ပါသည်။ အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးတောင်းဆိုခြင်းပါဝင်သည့် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့အထိ လက်ခံဆောင်ရွက်ခဲ့ပြီး အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားချက် စုစုပေါင်း ၆၀၀၀၀ ကျော်လက်ခံ၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆိုပါလျှောက်ထားချက်များကို နှစ်အလိုက် အစီအစဉ်တကျ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းကို ကန့်ကွက်နိုင်ကြောင်း ထုတ်ပြန်ကြေညာခြင်းအား ၂၀၂၄ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ လစဉ် ၁ ရက်နေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပါသည်။ ကန့်ကွက်နိုင်ကြောင်း ထုတ်ပြန်ကြေညာချက်အပေါ် ကန့်ကွက်သူမရှိသည့်လျှောက်ထားချက်များကို အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်ထုတ်ပေးလျက်ရှိပြီး စုစုပေါင်း ၁၁၇၀၈ စောင်ထုတ်ပေးပြီး ဖြစ်ပါသည်။ အမှတ်တံဆိပ်မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာခြင်းအား ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ၁၂ ကြိမ်အထိ ထုတ်ပြန်ကြေညာခြင်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမှတ်တံဆိပ်များကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လျှောက်ထားပြီး မူပိုင်ခွင့်အကာအကွယ်ရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာလှေအားကစားနည်းမှ ကြေးတံဆိပ် တစ်ခု၊ ဘိလိယက်နှင့်စနူကာ အားကစားနည်းမှ ကြေးတံဆိပ် တစ်ခု စုစုပေါင်း ဆုတံဆိပ် နှစ်ခု ထပ်မံဆွတ်ခူးရရှိ

**ဘန်ကောက် ဒီဇင်ဘာ ၁၇**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်နှင့် ချွန်ဘူရီမြို့များရှိ သက်ဆိုင်ရာအားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပပြုလုပ်လျက်ရှိပြီး မြန်မာအသင်းအနေဖြင့် ပိုက်ကျော်ခြင်း၊ စကွက်ရှ်၊ စက်ဘီး၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ ကဘာဒီ၊ ခရစ်ကတ်၊ လက်ဝှေ့၊ ဘိလိယက်နှင့် စနူကာ၊ ဖူဆယ်၊ E-sports၊ အပြည်ပြည်ဆိုင်ရာလှေ၊ မြင်းစီး၊ နပန်းနှင့် ရွက်လှေပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့်၊ စစ်သံမှူးကြီး ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့်ဇနီး၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းသည် အဖွဲ့ဝင်များနှင့်အတူ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ချွန်ဘူရီမြို့ရှိ The Royal Thai Navy Rowing and Canoeing Training Center, Rayong ၌ ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာလှေအားကစားနည်း အမျိုးသမီး ကမ်းရိုးတန်း၊ ကမ်းခြေတစ်ယောက်လှော် (၂)တက်ပေါင်း ၈ တက်လှော်ပြိုင်ပွဲတွင် မြန်မာအသင်းမှ နီလာဝင်း၏ ယှဉ်ပြိုင်နေမှုနှင့် ထိုင်းနိုင်ငံ ချွန်ဘူရီမြို့ရှိ Samudara Klia Yachting Center, Sattahip Chonburi ၌ ရွက်လှေအားကစားနည်း SSL 47 ပြိုင်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့အတူ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် အဖွဲ့ဝင်များနှင့်အတူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Chalermphrakiat Sports Operation Center Building Rajamangla University of Technology Rattanakosin Bangkok ၌ ကဘာဒီအားကစားနည်း Three Stars ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် စင်ကာပူအသင်း၊ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာအသင်းနှင့် အရှေ့တီမောအသင်းတို့၏ ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Nakhonpathom Sports Center Bangkok ၌ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အရှေ့တီမောအသင်း၊ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်း၊ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏




ယှဉ်ပြိုင်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

မြန်မာ အသင်းအနေဖြင့် ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပိုက်ကျော်ခြင်း အားကစားနည်း အမျိုးသား၊ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ၊ စကွက်ရှ် အားကစားနည်း အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ စက်ဘီးအားကစားနည်း အမျိုးသမီး တစ်ဦးချင်း (Road Race) ပြိုင်ပွဲ၊ သေနတ်ပစ်အားကစားနည်း ၂၅ မီတာ ပစ္စတို အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်အားကစားနည်း အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ ကဘာဒီအားကစားနည်း Three Stars ပြိုင်ပွဲ၊ ခရစ်ကတ်အားကစားနည်း T20i အမျိုးသမီးပြိုင်ပွဲ၊ လက်ဝှေ့အားကစားနည်း ၅၀ နှင့် ၅၇ ကီလိုတန်းပြိုင်ပွဲများ၊ ဘိလိယက်နှင့် စနူကာအားကစားနည်း Snooker အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ ဖူဆယ်အမျိုးသားပြိုင်ပွဲ၊ E-sports အမျိုးသား အသင်းလိုက်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာလှေ အားကစားနည်း အမျိုသမီးကမ်းရိုးတန်း၊ ကမ်းခြေတစ်ယောက်လှော် (၂) တက်ပေါင်း ၈ တက်လှော်ပြိုင်ပွဲနှင့် အမျိုးသားနှစ်ယောက်လှော် (၂) တက်ပေါင်း ၄ တက်လှော်ပြိုင်ပွဲများ၊ မြင်းစီးအားကစားနည်း Jumping Individual Qualification ပြိုင်ပွဲ၊ နပန်းအားကစားနည်း အမျိုးသား Greco Roman (-67) kg ပြိုင်ပွဲများနှင့် -၆၇၊ -၇၇၊ -၉၇ ကီလိုတန်းပြိုင်ပွဲများနှင့် ရွက်လှေအားကစားနည်း SSL 47 ပြိုင်ပွဲများတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာလှေလှော်အားကစားနည်း အမျိုးသမီး ကမ်းရိုးတန်း၊ ကမ်းခြေတစ်ယောက်လှော် (၂) တက်ပေါင်း ၈ တက်လှော်ပြိုင်ပွဲတွင် မြန်မာအသင်းမှ နီလာဝင်းသည် မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး ယမန်နေ့ပြိုင်ပွဲပွဲစဉ်များဖြစ်သည့် ဘိလိယက်နှင့် စနူကာအားကစားနည်း အမျိုးသား Snooker တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအသင်းမှ ဘုန်းမြင့်ကျော်သည် မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

(၃၃) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၏ ဒီဇင်ဘာ ၁၇ ရက် ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် ၁၉ ခု၊ ကြေးတံဆိပ် ၃၄ ခု စုစုပေါင်း ဆုတံဆိပ် ၅၆ ခုဖြင့် နိုင်ငံအလိုက် အဆင့် ၇ တွင် ဆက်လက်ရပ်တည်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ**

၁၇-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၁၈၅ | ၁၂၀ | ၈၀ | ၃၈၅ |
| ၂ | အင်ဒိုနီးရှား | ၇၂ | ၈၅ | ၉၄ | ၂၅၁ |
| ၃ | ဗီယက်နမ် | ၆၄ | ၆၉ | ၉၄ | ၂၂၇ |
| ၄ | စင်ကာပူ | ၄၆ | ၄၂ | ၆၃ | ၁၅၁ |
| ၅ | မလေးရှား | ၄၁ | ၄၅ | ၁၀၆ | ၁၉၂ |
| ၆ | ဖိလစ်ပိုင် | ၂၉ | ၅၅ | ၁၂၀ | ၂၀၃ |
| ၇ | မြန်မာ | ၃ | ၁၉ | ၃၄ | ၅၆ |
| ၈ | လာအို | ၂ | ၉ | ၂၁ | ၃၂ |
| ၉ | ဘရူနိုင်း | ၁ | ၃ | ၄ | ၈ |
| ၁၀ | တီမော | ၀ | ၀ | ၃ | ၃ |









❖ *ကျောဖုံးမှ*

သမိုင်းဝင်ဂုတ်ထိပ် တံတားကြီးအား လေ့လာကြည့်ရှုနိုင်ရန်၊ လမ်းခရီးရှိရေမြေတောတောင်သဘာဝရှုခင်းများ လေ့လာကြည့်ရှုနိုင်ရန်၊ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ဓားပင်ကြီး-ပြင်ဦးလွင် - ဓားပင်ကြီးခရီးစဉ်အား ဘက်ထရီလျှပ်စစ်စက်ခေါင်း(BEL) အသုံးပြုပြီး အမှတ်(၁၃၁)အဆန် ဓားပင်ကြီး-ပြင်ဦးလွင်၊ အမှတ်(၁၃၂)အစုန် ပြင်ဦးလွင်- ဓားပင်ကြီး ရထားခရီးစဉ်နှင့် RBE ရထားဖြင့် ဂုတ်ထိပ်(၁)ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂) ဂုတ်ထိပ်-ပြင်ဦးလွင် ရထားခရီးစဉ်များကို ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေရက်များတွင် ပြေးဆွဲပေးမည်ဖြစ်သည်။

ဘက်ထရီ လျှပ်စစ်စက်ခေါင်းဖြင့် ပြေးဆွဲမည့် အမှတ်(၁၃၁)အဆန်ရထားသည် ဓားပင်ကြီး ဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ နံနက် ၇ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကာ ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင်ရောက်ရှိရပ်နားပြီး ဂုတ်ထိပ်(၂) RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ပြင်ဦးလွင်မှ ဓားပင်ကြီးသို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် ပြင်ဦးလွင် ဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာမည့် အမှတ် (၁၃၂) အစုန် BEL ရထားဖြင့် ဆက်လက်လိုက်ပါနိုင်ပြီး ဓားပင်ကြီးသို့ ညနေ ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ဓားပင်ကြီး-ပြင်ဦးလွင်၊ ပြင်ဦးလွင်-ဓားပင်ကြီး BEL ရထားခရီးစဉ်တွင် အထက်တန်းလူစီးတွဲတစ်တွဲ၊ ရိုးရိုးတန်းလူစီးတွဲနှစ်တွဲနှင့် ဘရိတ်တွဲတစ်တွဲပါရှိပြီး လက်မှတ်ခနှုန်းထားမှာ ဓားပင်ကြီးမှ ပြင်ဦးလွင်အထိ ရိုးရိုးတန်း ကျပ် ၅၀၀၀ နှင့် အထက်တန်းကျပ် ၁၀၀၀၀ ဖြစ်သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီးလက်မှတ်ခနှုန်းထားမှာ ပြင်ဦးလွင်မှ ဂုတ်ထိပ်အထိ ကျပ် ၁၅၀၀၀ ဖြစ်ပြီး လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာများနှင့် ပြင်ဦးလွင် - ဓားပင်ကြီးခရီးစဉ်၌ အနီးစခန်းနှင့် သုံးတောင်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အဆိုပါ ပြင်ဦးလွင်-ဂုတ်ထိပ် အသွား၊ အပြန်ခရီးစဉ်အတွက် ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ RBE ရထား (တစ်စီးလုံး) ငှားရမ်းလိုပါက ၂၄ ဦး လိုက်ပါစီးနင်းနိုင်ပြီး အသွား၊ အပြန် ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ်ခုနစ်သိန်းနှစ်သောင်း ကျသင့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**သတင်းစဉ်**

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ ငါးလုံး၊ နှစ်ထပ်အဆောက်အအုံ နှစ်လုံးနှင့် တစ်ထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်းတရားမဝင် အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၆၆ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် လေးထပ်အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ တစ်လုံးနှင့် တစ်ထပ်အဆောက်အအုံတစ်လုံး စုစုပေါင်းတရားမဝင် အဆောက်အအုံ ငါးလုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့သည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက်ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေ အပိုင်း(၃) ဖောက်ခွဲဖျက်ဆီးမှုအား တွေ့မြင်ရပုံ။



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် သုံးထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးပုံ။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများလုပ်ကိုင်နေသူများအား လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။


ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်နေကြသူများ၊ ၎င်းတို့အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်လက်နက်၊ ခဲယမ်းများအား သိမ်းဆည်းရမိစဉ်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ အခြေပြုလုပ်ကိုင်နေသည်ဟု တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် အဆိုပါနေရာအနီးတစ်ဝိုက်သို့ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် သွားရောက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါနေရာအနီးတစ်ဝိုက်သို့ နံနက် ၉ နာရီခွဲခန့်တွင် ရောက်ရှိစစ်ဆေးစဉ် မိုးကာတဲအစုအဖွဲ့များအတွင်းရှိ လက်နက်ကိုင်နှစ်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအား စတင်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရသည်။ ပစ်ခတ်မှုများရပ်တန့်သွားချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာကို ဝင်ရောက်ရှင်းလင်းခဲ့ရာ SSPP/SSA တပ်ဖွဲ့ဝင်သုံးဦးအား AK-47 တစ်လက်၊ M-22 တစ်လက်၊ MK-12 တစ်လက်၊ ပွိုင့်-၂၂ တစ်လက်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ယင်းနောက် အဆိုပါနေရာအား ဆက်လက်စစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား အမျိုးသားငါးဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး တစ်ဦးတို့နှင့်အတူ ၎င်းတို့နေထိုင်အသုံးပြုလျက်ရှိသော မိုးကာတဲကြီး ၁၇ လုံးနှင့် ကင်းတဲငယ်များ၊ All in one ကွန်ပျူတာ ခြောက်လုံး၊ လက်တော့အလုံး ၇၀၊ ဖုန်းမျိုးစုံ အလုံး ၁၆၀၊ IPad ၁၀ လုံး၊ Router ၁၀ လုံး၊ Modern Stick ၃၇ ခု၊ မီးစက်သုံးလုံး၊ STAR LINK ဗန်း ၁၉ ခု၊ 4 X 4 WHEEL နှစ်စီး၊ သရီးကရောင်း တစ်စီးနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။


ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိစဉ်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူများအား ကနဦး စိစစ်ဖော်ထုတ်ချက်များအရ အဆိုပါ နေရာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်နေသူ ၂၀၀ ခန့်ရှိပြီး ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားချိန်တွင် ကစဉ့်ကလျားဖြင့် အရပ်မျက်နှာအသီးသီးသို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီး၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါသိမ်းဆည်းရမိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပါဝင်ပတ်သက်သူများကို ဆက်လက်စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည် ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥတ္တရသီရိမြို့နယ် ကြက်ခြေနီအသင်းခွဲရုံးနှင့် ဖူဆယ်အားကစားကွင်းဖွင့်လှစ်



**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ဥတ္တရသီရိမြို့နယ်ကြက်ခြေနီ အသင်းခွဲ၏အသင်းခွဲရုံးနှင့် ဖူဆယ်အားကစားကွင်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက်က ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဥတ္တရခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များ တက်ရောက်သည်။

ဦးစွာ မြို့နယ်ကြက်ခြေနီအသင်းခွဲ၏ အသင်းခွဲရုံးနှင့် ဖူဆယ်အားကစားကွင်းကို နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုနှင့် ပုဗ္ဗသီရိမြို့နယ် ကြက်ခြေနီ အသင်းခွဲရုံး အမှုဆောင်အဖွဲ့ဝင် ဒေါ်တင့်တင့် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် အသင်းခွဲရုံးအတွင်း ကူညီကယ်ဆယ်ရေးပစ္စည်းများ စုဖွဲ့ထားရှိမှုနှင့် ဖူဆယ်အားကစားကွင်းအား လှည့်လည်ကြည့်ရှုကြသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**



ကျောင်းကုန်းမြို့၌ "ဒို့အတူတူ မဲပေးကြမယ်"မြေစိုက်ပိုစတာစိုက်ထူပွဲကို ဒီဇင်ဘာ ၁၅ ရက်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက မြေစိုက်ပိုစတာစိုက်ထူပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။ ဝင်းကြိုင်(ပြန်/ဆက်)

## မိုင်းခတ်၌ အသိပညာပေးဟောပြောပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ



**မိုင်းခတ် ဒီဇင်ဘာ ၁၇**

မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်က ယန်းမိုင်(လားဟူ)ကျေးရွာလင်းရောင်ခြည်စာကြည့်တိုက်၌ အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲပြိုင်ပွဲများ ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နောင်ထွေးက ခေတ်မီစံပြကျေးရွာဖြစ်၍ နောင်တွင် စာကြည့်တိုက်၌ Wifi Internet လိုင်း အခမဲ့တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ကျောင်းသားကျောင်းသူများအား ဆေးရောင်ခြယ်ပြိုင်ပွဲ ပြုလုပ်ကျင်းပပြီး ဆုများပေးအပ်ချီးမြှင့်ကာ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသသည်။ **နန်းနွယ်နီ(ပြန်/ဆက်)**



အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းလမ်းတစ်လျှောက်နှင့် ရောဝတီရပ်ကွက် သခင်မြပန်းခြံလမ်းထောင့်၌ ဒီဇင်ဘာ ၁၅ ရက်တွင် ရွေးကောက်ပွဲအသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လမ်းသွားလမ်းလာ ပြည်သူများ၊ ရပ်ကွက်နေပြည်သူများ၊ ဈေးသည်များသို့ ဖြန့်ဝေပေးစဉ်။ ယောရော(ပြန်/ဆက်)

## မြို့နယ်မဟေသီအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ငွေစုငွေချေးသမဝါယမအသင်းမှ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်



**မော်လမြိုင် ဒီဇင်ဘာ ၁၇**

(၁၂၁) နှစ်မြောက် သမဝါယမဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်မဟေသီအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ငွေစုငွေချေးသမဝါယမအသင်းမှ အသင်းသားများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးခြင်းကို ဒီဇင်ဘာ ၁၅ ရက်က အသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လမြိုင်မြို့နယ် မဟေသီအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌ ဒေါ်လှလှမြင့်က အသင်းသား ၁၀၇ ဦးအတွက် ဆီနှင့် ကြက်သွန်နီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



ဥတ္တရသီရိမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၁၂ ရက်က မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ဆောင်ရွက်စဉ်။ အောင်မျိုးဝင်း(ဥတ္တရ)

ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲရုံများအား ဒီဇင်ဘာ ၁၅ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးပိုင်စိုး ဦးဆောင်သော တပ်ဖွဲ့ဝင်များက မီးလောင်၊ မီးလန့်မှု မဖြစ်ပေါ်စေရေး၊ မဲရုံပတ်ဝန်းကျင်အနီးရှိ အုတ်ရေလှောင်ကန်များအား ရေဖြည့်တင်းဆောင်ရွက်ထားရှိမှုတို့ကို စစ်ဆေးဆောင်ရွက်စဉ်။ အောင်သူ(ပြန်/ဆက်)



## မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခြင်း ကွင်းသရုပ်ပြ

**ဘိုကလေး ဒီဇင်ဘာ ၁၇**

ဘိုကလေးမြို့နယ် ဘိုကလေး-ဖျာပုံကားလမ်းဘေး ကွင်းအမှတ်(၇၀၈) ဦးပိုင်အမှတ်(၉၁)၊ ဧရိယာ လေးဧကရှိ တောင်သူ ဦးအေးဝင်း၏ လယ်ယာမြေတွင် ဒီဇင်ဘာ ၁၅ ရက်က နွေစပါးစိုက်ပျိုးရာသီတွင် ကြဲခင်းစနစ် လျှော့နည်းပပျောက်ရေး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပရာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများ၏ နွေစပါးစိုက်ပျိုးရာသီတွင် ကြဲခင်းစနစ်လျှော့နည်းပပျောက်ရေး အောင်နိုင်တိုးစပါးမျိုးအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသရုပ်ပြမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**





နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ပြည်သူများ မီးဘေးအန္တရာယ်ကင်းရှင်းစွာ ဆန္ဒမဲပေးနိုင်ရန် စီစဉ်ထားသော မဲရုံများအား မီးဘေးအန္တရာယ် လုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းသူနှင့် တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၃ ရက်တွင် မီးဘေးအန္တရာယ် လုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။ ထွန်းလင်း(ဇေယျာမြေ)

**မီးဘေးရှောင် မလောင်ခင်တား၊**
**ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်**

## အောက်စက်တော်ရာ(ခြေတော်ရာ)အား ဖူးမြော်နိုင်ရန် ဘေလီသံပေါင်တံတားတပ်ဆင်

**မင်းဘူး ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပစဉ်ကာလ အောက်စက်တော်ရာ (ခြေတော်ရာ)အား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ အဆင်ပြေစွာ ဖူးမြော်နိုင်ရန် ယာယီဘေလီသံပေါင်တံတား တစ်စင်းကို ဒီဇင်ဘာ ၁၄ ရက်မှ စတင်ပြီး တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ တံတားတပ်ဆင်ရာတွင် ယခင်နှစ်က အသုံးပြုခဲ့သော တံတားအကျယ် ၁၂ ပေ ရှစ်လက်မ၊ အရှည် ပေ ၁၀၀ ရှိ ယာယီဘေလီသံပေါင်တံတားတစ်စင်းကို ဒီဇင်ဘာ ၁၄ ရက်မှစတင်ပြီး တပ်ဆင်ဆောင်ရွက်နေကာ ဘေလီသံပေါင်တံတား တပ်ဆင်ချိန်မှာ ၁၂ ရက်ခန့်သာ ကြာမြင့်မည်ဖြစ်သည်။

မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ ရက်ပေါင်း ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ **မောင်မောင်(မင်းဘူး)**



အောင်မြေသာစံမြို့နယ်အတွင်း မီးလောင်မှုနှင့် မီးလန့်မှုများ လျော့နည်းကျဆင်းလာစေရေးအတွက် ဒီဇင်ဘာ ၁၃ ရက်က အောင်မြေသာစံရပ်ကွက် မဟာလောကအောင်မြေမ္ဗာရုံ၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက် ဦးဆောင်သော တပ်ဖွဲ့ဝင်များက မဲရုံပတ်ဝန်းကျင်ရှိပြည်သူများအား မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောစဉ်။ ၂၂၁

## ပန်းတောင်းမြို့နယ်၌ ကျေးရွာများသို့ အခမဲ့တီဘီရောဂါရှာဖွေကုသပေး

**ပန်းတောင်း ဒီဇင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တီဘီရောဂါ တိုက်ဖျက်ရေးဌာနနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှ တာဝန်ရှိသူများပူးပေါင်း၍ အခမဲ့တီဘီရောဂါ ရှာဖွေကုသခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက်က ပန်းတောင်းမြို့နယ် အတွင်းရှိ ကျေးရွာများသို့ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ လတ်သူသူကျော် ဦးဆောင်သောအဖွဲ့က ကုသခြင်း



လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကုသပေးရာတွင် ပန်းတောင်းမြို့နယ် အတွင်းရှိ တီဘီရောဂါ အဖြစ်များသော ကျေးရွာ/အုပ်စုများသို့ သွားရောက်၍ တီဘီရောဂါသတိပြု ကာကွယ်ရေး လုပ်ငန်းများကို အသိပညာပေး ဟောပြောပြီး တီဘီရောဂါ သံသယရှိသူများ၊ တီဘီရောဂါရှိသူနှင့် အတူနေ မိသားစုဝင်များအား ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ TB Mobile X-ray စက်ဖြင့် ကွင်းဆင်း၍ ပြည်သူများအား တီဘီပိုး ရှိ၊ မရှိ ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ဆေးခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်းများပြုလုပ်ကာ အခမဲ့ကုသခြင်းနှင့် ဆေးဝါးများ ထောက်ပံ့ပေးခဲ့သည်။ **လပြည့်လင်း(ပြန်/ဆက်)**



ပဲခူးမြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်သူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ပဲခူးမြို့နယ်အတွင်း ကျေးရွာများသို့ မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ နေမျိုးအောင်

## တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း အကြိမ်(၃၀)မြောက် နာယကကြီးများ ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံ ဖောင်ဒေးရှင်းက ကြီးမှူး၍ အကြိမ် (၃၀)မြောက် နာယကကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပညာရာမိကမဟာကျောင်းတိုက်၌ ပြုလုပ်ရာ တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း နာယကကြီးများနှင့် တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းဝင်များ တက်ရောက်ကြသည်။



ဦးစွာ တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကန်တော့ခံ နာယကဆရာကြီးဆရာမကြီးများနှင့် မိတ်ဆက်ပေးကာ နာယကဆရာကြီး ဆရာမကြီးများအား ကန်တော့ကြသည်။ ယင်းနောက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး နာယကဆရာမကြီး ပါမောက္ခ ဒေါက်တာခင်မေအုန်းက ဩဝါဒစကားပြောကြားကာ အသင်းအမှုဆောင် ဦးလှမင်းက ကျေးဇူးတင်စကား ပြောကြားသည်။ **မျိုးမင်းသူရ**



လက်ပံတန်းမြို့နယ် ကန်(၁၀၀) ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေး ကုန်ထုတ်သမဝါယမအသင်းက ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်မည့် မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန့်ရှင်းလတ်ဆတ်သော ငါးများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## မင်းလှမြို့နယ်၌ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေး

**အထက်မင်းလှ ဒီဇင်ဘာ ၁၇**

မင်းလှမြို့ရှိမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုး ဦးဆောင်သော ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)ထိုးနှံခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၀ ရက်က မင်းလှမြို့ပေါ် ကျေးရွာများရှိ ကျောင်းများနှင့် ကျန်းမာရေးဌာနများတွင် ဆောင်ရွက်ရာ HPV ကာကွယ်ဆေးအား အသက် ကိုးနှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော မိန်းကလေးငယ်များနှင့် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းတွင် ထိုးနှံရန်ကျန်ရှိသော မိန်းကလေးငယ် စုစုပေါင်း ၃၀၀ အား ထိုးနှံပေးလျက်ရှိသည်။ **ဝင်းမြတ်(အထက်မင်းလှ)**





ပြင်ဦးလွင်မြို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးငြိမ်းချမ်းအောင်၊ မြို့နယ်မီးသတ်စခန်း ဒုဦးစီးမှူး ဦးအောင်ဇော်ဖြိုးနှင့် တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၅ ရက်တွင် ရပ်ကွက်ကြီး(၄၊ ၅)တို့ရှိ မဲရုံများနှင့် မဲရုံပတ်ဝန်းကျင်နေရာများ၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ ဘုန်းမြတ်

## ကန်ကြီးထောင့်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း



**ကန်ကြီးထောင့် ဒီဇင်ဘာ ၁၇**

ကန်ကြီးထောင့်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၃ ရက်က ကွင်းယားကြီးကျေးရွာရှိ တောင်သူ ဦးချစ်မွှေး၏ လယ်ဧရိယာ ငါးဧက၌ ပြုလုပ်သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသန်းဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကွင်းယားအရှေ့ကျေးရွာအုပ်စုမှ တောင်သူများတက်ရောက်ပြီး မြို့နယ်တာဝန်ရှိသူများက မိုးစပါးလျာထားချက်ပြည့်မီရေးအတွက် တောင်သူများ လိုက်နာလုပ်ဆောင်ရမည့် နည်းစနစ်ကောင်းများကို ပညာပေးဆွေးနွေးကြသည်။ ယင်းနောက် တောင်သူဦးချစ်မွှေး၏ဆင်းသုခ မိုးစပါးစိုက်ဧရိယာအတွင်းမှ ၀ ဒသမ ၀၀၁ စံကွက်ကို ရိတ်သိမ်းကြရာ တစ်ဧကလျှင် အစိုထွက် ၁၂၅ တင်း၊ အခြောက်ထွက် ၁၁၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **ကန်ကြီးထောင့်(ပြန်/ဆက်)**



တမူးမြို့၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြည်သူများ မဲပေးနိုင်ရေးအတွက် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို တမူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ဒီဇင်ဘာ ၁၅ ရက်က ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၉)ရက်(သောကြာနေ့)ညတွင် ဓာတ်ပြားရ ရေဒီယိုတေးသီချင်းများကို လက်ဆင့်ကမ်းတင်ဆက်မှုအနေဖြင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် ဓာတ်ပြားရဂန္ထဝင်အဆိုတော်ကြီးများနှင့် တက်သစ်စအဆိုတော်များစုပေါင်း၍ **"နှင်းပွင့်လေးများနှင့်အပြိုင်"** လက်ဆင့်ကမ်း တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၁၉-၁၂-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"နှင်းပွင့်လေးများနှင့်အပြိုင်" လက်ဆင့်ကမ်းတေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့်
ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မချစ်ဘဲနဲ့ | ပြင်ပအဆိုရှင် |
| ၂။ | အောင်ကြပါစေ | ပြင်ပအဆိုရှင် |
| ၃။ | ယုန်ကမတိုးပိုက်ကတိုး | ပြင်ပအဆိုရှင် |
| ၄။ | နှင်းပွင့်လေးများနှင့်အပြိုင် | ပြင်ပအဆိုရှင် |
| ၅။ | ရေပေးသူနဲ့ရေငတ်သူ | ပြင်ပအဆိုရှင် |
| ၆။ | နှသားမှုံနဲ့သာ | ပြင်ပအဆိုရှင် |
| ၇။ | ရွာအလှူနဲ့ရုပ်သေးပွဲ | ပြင်ပအဆိုရှင် |
| ၈။ | ခါကာဘိုရာဇီတောင်ထိပ်ကနှင်းပွင့်လေး | ပြင်ပအဆိုရှင် |
| ၉။ | အမောပြေ | ပြင်ပအဆိုရှင် |
| ၁၀။ | အခြေအနေမပေးလို့အနေဝေးကြပေမယ့် | ပြင်ပအဆိုရှင် |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ သီတာလမ်း၊ မြေကွက်အမှတ် (၂၄၃/ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးမင်းမော် (၁၂/သကတ(နိုင်) ၀၈၇၀၆၃) (KYN- ၀၅၉၁၃၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးမင်းမော် ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးဇော်ထွန်းအောင်**
LL.B, D.B.L, D.M.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၇၇ ၇၁၁ ၃၀၈

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၈)၊ ဦးဘဥာဏ်လမ်း၊ မြေကွက်အမှတ် (၈၇၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ) ရှိ ဒေါ်သန်းသန်းအေး (၁၂/စခန (နိုင်) ၀၀၄၀၇၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းသန်းအေး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ ဒူးယား(၉)လမ်း၊ မြေကွက်အမှတ် (၉၆၀)၊ မြေအကျယ်အဝန်း(၂၀ပေx ၆၀ ပေ)၊ အလယ်ခြမ်းရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ခင်ခင်သန်း(CB -၀၂၁၄၉၇) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်မှာ ကွယ်လွန်၍ စာချုပ်အမှတ်(၂၅၂၇/၁၂)ဖြင့် အမွေဆက်ခံချုပ်ဆိုထားသူ ဦးမောင်မောင်ဌေး(၁၂/သဃက(နိုင်) ၀၇၆၄၀၇) ထံမှ ဒေါက်တာ ဒေါ်လွင်လွင်ဦး (၁၂/လမန (နိုင်)၀၇၉၆၃၄) သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်" များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း နှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စပါယ်လှိုင် (၁၂/မဂတ(နိုင်)၀၇၃၈၈၃) ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စပါယ်လှိုင်က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** (စဉ်-၁၁၄၀၆)
**ဒေါ်ပန်းသဇင်ကျော်(LL.B)** (စဉ်-၅၆၈၂၃)
**ဒေါ်သက်ထားခိုင် (LL.B)** (စဉ်-၅၆၈၇၅)
**တရားလွှတ်တော်ရှေ့နေ**
**ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B) (စဉ်-၅၆၆၆၂)**
**အထက်တန်းရှေ့နေများ**

**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း - ၀၉-၄၃၁၁၄၆၅၄**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး ချောက် မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဝွေးပင်) GRADE 12 မှ မောင်ကောင်းထက်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဘိုသန့် ၈/ခမန(နိုင်)၀၀၃၇၁၀ ဖြစ်ပါကြောင်း။

**ဦးဘိုသန့်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၅)လမ်း၊ အမှတ်(၂၇)တွင် နေထိုင်သော ဦးစည်သူဝင်း (ခ) မုဟမ္မဒ်စလင်းမ် ၉/ပဥလ(နိုင်)၀၁၈၂၇၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ရှွတ်(ခ်)စာရ်ခါန်း (ခ) မခိုင်ဇာမြင့် ၉/ခအစ(နိုင်)၀၁၇၉၃၀ နှင့် အများသိစေရန် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစည်သူဝင်း (ခ) မုဟမ္မဒ်စလင်းမ်သည် ၂၆-၁၂-၂၀၁၂ ရက်တွင် မဟာရ်ရွှေ (၁၀)ကျပ်သား လက်ဝင်းပေးဆောင်၍ ရှွတ်(ခ်)စာရ်ခါန်း (ခ) မခိုင်ဇာမြင့် အား အစ္စလာမ်တရားတော်နှင့်အညီ နှစ်ဦးသဘောတူ နေကာဟ်ပြု ထိမ်းမြားလက်ထပ်ခဲ့ကြပြီး (၁၂)နှစ်အရွယ် သား (၁) ဦးနှင့် (၇)နှစ် အရွယ်သမီး (၁)ဦး ထွန်းကားခဲ့ကြောင်း၊ စတင်ပေါင်းသင်းလာခဲ့သည့် အချိန်မှစ၍ ယနေ့တိုင် လင်ဝတ္တရားနှင့်အညီ လုပ်ကိုင်ကျွေးမွေး စောင့်ရှောက်ခဲ့ကြောင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် အိမ်ထောင်ဦးစီးဖြစ်သည့်အားလျော်စွာ သားသမီးများ၏ရှေ့ရေးအတွက် ရည်ရွယ်၍ ရန်ကုန်မြို့တွင်နေထိုင်၍ စီးပွားလုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်ပြီး လုပ်ငန်းများလုပ်ကိုင်လျှက်ရှိရာမှ ရှွတ်(ခ်)စာရ်ခါန်း(ခ) မခိုင်ဇာမြင့်သည် အကြောင်းအမျိုးမျိုးဖြင့် ပြဿနာရှာကာ ၁၆-၅-၂၀၂၅ ရက်မှစတင်၍ ကျွန်ုပ်တို့၏မိတ်ဆွေအား နေအိမ်သို့ ဝင်ခွင့်မပြုတော့ဘဲ စီးပွားရေးလုပ်ကိုင်ရာတွင် လက်ရှိထားအသုံးပြုလျှက်ရှိသည့် ရွှေ၊ ငွေစသည့် ရွှေ့ပြောင်း နိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများကိုပါ ဝင်ရောက်ယူဆောင်ခွင့် မပြုခဲ့သည့်အပြင် သားသမီးများကိုပါ တွေ့ခွင့်မပေးတော့ကြောင်း၊ မိသားစုအတူတကွ အေးချမ်းစွာနေထိုင်ရန် အမျိုးမျိုး ဖျောင်းဖျပြောဆိုခဲ့သော်လည်း ကျွန်ုပ်တို့မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျွန်ုပ်တို့မိတ်ဆွေနှင့် ခွဲခွာနေထိုင်လျက်ရှိကြောင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစည်သူဝင်း (ခ) မုဟမ္မဒ်စလင်းမ်နှင့် ရှွတ်(ခ်)စာရ်ခါန်း (ခ) မခိုင်ဇာမြင့်တို့သည် ယနေ့အချိန်အထိ ကွာရှင်းပြတ်စဲခြင်းမရှိသော တရားဝင်အကြင်လင်မယားဖြစ်ကြောင်းနှင့် ၁၄-၆-၂၀၂၅ ရက်စွဲပါ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့၊ ပြင်ဦးလွင်ခရိုင်(အဖွဲ့ခွဲ)သို့ မမှန်မကန် လုပ်ကြံဖန်တီးထားသော စာချုပ်စာတမ်းများ တင်ပြကာ ကွာရှင်းခွင့်ကို ၎င်း၏တစ်ဖက်သတ်သဘောဆန္ဒဖြင့် တောင်းခံခဲ့ကြောင်း သိရှိရသည့်အတွက် သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းများသို့ မိသားစု မပြိုကွဲစေရန်နှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် ၁၅-၆-၂၀၂၅ ရက်စွဲပါ စာဖြင့် လည်းကောင်း၊ ၂၈-၆-၂၀၂၅ ရက်စွဲပါ စာဖြင့်လည်းကောင်း မျက်ကွယ်၌ တစ်ဖက်သတ်ဆုံးဖြတ်ခြင်းမပြုရန် တားမြစ်စာများပေးပို့ခဲ့သည့်အပြင် ၂၆-၆-၂၀၂၅ ရက်တွင် တရားရုံး၏ အဆုံးအဖြတ်ကိုခံယူလိုသဖြင့် သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်တွင် တရားမကြီးမှုအမှတ် - ၁၈၉/၂၀၂၅ ဖြင့် မယားခေါ်လိုမှု (သို့မဟုတ်) လင်မယားအဖြစ် ပြန်လည်ပေါင်းသင်းပေးစေလိုမှုစွဲဆိုထားကြောင်း၊ အဆိုပါအမှုအား စစ်ဆေးကြားနာလျှက်ရှိကြောင်း ၊ ရှွတ်(ခ်)စာရ်ခါန်း (ခ) မခိုင်ဇာမြင့်သည် ၃၁-၇-၂၀၂၅ ရက်က မမှန်ကန်သောအကြောင်းအရာများကို မမှန်မှန်းသိလျက်နှင့် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ခြင်းကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် များစွာအရှက်ရစေသည့်အပြင် ဂုဏ်သရေကို ထိခိုက်ခဲ့ကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (အစိုးရအသိအမှတ်ပြု - အမိန့်စာအစစ်ရှိ) အစ္စလာမ့်ဘာသာရေး အဖွဲ့ကြီး (၁)ဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)သို့ အထက်ဖော်ပြပါအတိုင်းတင်ပြပြီး ဖသ်ဝါမွေသတ် (ဆုံးဖြတ်ချက်) လျှောက်ထားတောင်းခံခဲ့ရာစာအမှတ်- ၃၇၁/၂၅/ဓမ္မ/မလဝ-ဗဟ/ဗတထ (၁၇-၁၁-၂၀၂၅) ရက်စွဲပါ စာဖြင့် ကန့်ကွက်စာများ ပေးပို့တား မြစ်ထားပါလျှက် ယင်းအပေါ် မျက်နှာစုံညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်းမရှိဘဲ မျက်ကွယ်၌ တစ်ဖက်သတ် ဓမ္မသတ်ပြန်ကြားခဲ့ခြင်းသည် အစ္စလာမ့်တရားတော် အလ်ဟီလသွန်းနာဂျေဇာဟ်ကျမ်း၏ စည်းကမ်းချက်များ၊ ဆောင်ရွက်ချက်များနှင့် ကိုက်ညီမှုမရှိ၍ တစ်ဖက်သတ်ကွာရှင်းမှုသည် အထမြောက်တရားဝင်ပါမည် မဟုတ်ကြောင်း ဖာသ်ဝါမွေသတ် ပြန်ကြားခဲ့ပါသည်။ မည်သူမဆို ကျွန်ုပ်တို့၏မိတ်ဆွေ သိရှိသဘောတူခွင့်ပြုခြင်းမရှိဘဲ စီးပွားရေးလုပ်ကိုင်ရာတွင် လက်ရှိထားအသုံးပြုလျှက်ရှိသည့် ရွှေ ၊ ငွေစသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ မပြောင်းနိုင်သောပစ္စည်းများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို မရိုးမဖြောင့်သောသဘောဖြင့် ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်းမပြုလုပ်ရန်နှင့် ထိုသို့ပြုမူဆောင်ရွက်ခဲ့ပါက ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၃၁-၇-၂၀၂၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ M.Salim (ခ) ကိုစည်သူဝင်းနှင့် အများသိစေရန်ကြေညာချက်မှာ မမှန်ကန်သော အကြောင်းအရာများကို ထည့်သွင်းကြေညာချက်သာဖြစ်ပါကြောင်း ရှွတ်(ခ်)စာရ်ခါန်း (ခ) မခိုင်ဇာမြင့်နှင့်တကွ အများ သိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်အေးအေးခိုင် LL.B, D.B.L (စဉ်-၁၀၈၈၃) | ဒေါ်ဇင်မီသင်း LL.B, D.B.L, D.I.L, M.B.L (စဉ်-၁၂၂၂၁) |

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၁၄)၊ (၅၂)လမ်း၊ (၅)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း- ၀၉-၄၂၁၀၈၆၉၈၇၊ ၀၉-၄၅၀၀၂၂၃၅

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/2510 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**ခရိုင်ရုံး (မိတ္ထီလာ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၂၁၂၂၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၅၀၀၇၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မရမ်းစုလမ်း၊ အမှတ်(၉၁၄)ဟုခေါ်တွင်သောမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ၊ (၆) ထပ်တိုက်အဆောက်အအုံရှိ (၆) လွှာ၊ (ခေါင်းရင်းခြမ်း) တိုက်ခန်း (၁)ခန်းနှင့် ၎င်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်း၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ကန်ထရိုက်တာဦးထွန်းအောင် (ဘ) ဦးထွန်းမောင် ၁၂/လမန(နိုင်)၁၇၄၄၉၅ က ဝန်ခံကတိပြုလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေကလည်း ဝယ်ယူရန်သဘောတူညီပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ၁၆-၁၂-၂၀၂၅ ရက်တွင် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီးကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုစာရွက် စာတမ်း(မူရင်း)များနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်ချက်တစ်စုံတစ်ရာမပေါ်ပေါက်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်ဇင်ဇင်ဦး | ဒေါ်ယဉ်မင်းပိုက် | ဒေါ်ဟန်နီစိုး |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၅၆) | အထက်တန်းရှေ့နေ (စဉ်-၂၆၅၁၉ ) | အထက်တန်းရှေ့နေ (စဉ်-၄၉၈၄၄) |

အမှတ်(၄၂၄)၊ ဘိုးရာဇာလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၀၀၈၉၆၃၀၉

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မရမ်းစုလမ်း၊ အမှတ်(၉၁၄)ဟုခေါ်တွင်သောမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ၊ (၆) ထပ်တိုက်အဆောက်အအုံရှိ (၅)လွှာ၊ (ခေါင်းရင်းခြမ်း) တိုက်ခန်း (၁)ခန်းနှင့် ၎င်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်း၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ကန်ထရိုက်တာ ဦးထွန်းအောင် (ဘ) ဦးထွန်းမောင် ၁၂/လမန(နိုင်)၁၇၄၄၉၅ က ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေကလည်း ဝယ်ယူရန်သဘောတူညီပြီးရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ၁၆-၁၂-၂၀၂၅ ရက်တွင် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီးကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်ချက်တစ်စုံတစ်ရာမပေါ်ပေါက်ပါက အရောင်းအဝယ်ကိုပြီး မြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်ဇင်ဇင်ဦး | ဒေါ်နှင်းမြတ်မော် | ဒေါ်သဲသဲဦး |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၅၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၃၅) | အထက်တန်းရှေ့နေ (စဉ်-၅၅၃၂၉) |

အမှတ် (၄၂၄)၊ ဘိုးရာဇာလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၄၀၀၈၉၆၃၀၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ပုဗ္ဗသီရိမြောက်ရပ်)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၃၇၆၉) ကို အမည်ပေါက် ဒေါ်ဌေးဌေးလှ (ဘ) ဦးထင်အောင် ၁၂/တမန(နိုင်)၀၆၄၀၀၂ မှ ဒေါ်ရွှေရီမြင့် (ဘ) ဦးလူရှောင်ချိန် ၁၃/ကမန(ဧည့်)၀၀၀၅၂၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/93411, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၉/မလန(နိုင်)၀၆၇၁၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/65754 Trawlergi B2, လက်တွန်းထွန်စက် (နောက်တွဲပါ) ယာဉ်လက်ဝယ်ရှိသူ ဦးညီညီမင်းနိုင် ၁၄/မအပ(ဧည့်)၀၀၀၂၃၂ က ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထားခြင်း ဖြစ်ပါသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား ဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/2789, SKAT LFJ3071G1, DUMP TRUCK အား စစ်တွေမြို့၊ ရွာသစ်ကေ ရပ်ကွက်နေ ဦးထွန်းမင်းလတ် ၁၁/စတန(နိုင်)၀၇၁၈၀၅ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများ သည် ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/4833, Honda Wave 110, M/C အား စစ်တွေမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးထူးထူးမောင် ၁၁/စတန(နိုင်) ၁၆၀၆၆၄ က (ကမ-၃) ပျောက်ဆုံး ကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(သန်လျင်)၏
## (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက်
## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(သန်လျင်)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အကြိုလေ့ကျင့်ခြင်း** - ၁၇ - ၁ - ၂၀၂၆ ရက် ( စနေနေ့ ) နံနက် ၉:၀၀ နာရီ

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၁၈- ၁ - ၂၀၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ် (သန်လျင်)တွင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော M.E./B.E./B.Arch. စာမေးပွဲအောင်မြင်ပြီးသူများနှင့် နှစ်ဟောင်းမှ B.E./B.Arch./B.Tech. သင်တန်း အောင်မြင်၍ ဘွဲ့လျှောက်လွှာတင်ခြင်းမရှိသေးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) **တက်ရောက်ဘွဲ့** - M.E. / B.E. / B.Arch. ဘွဲ့အတွက် ၁၅၀၀၀/ (ကျပ်တစ်သောင်းငါးထောင်တိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

( ခ ) **အဝေးရောက်ဘွဲ့** - ME. / B.E. / B.Arch. ဘွဲ့နှင့် နှစ်ဟောင်း B.E. / B.Arch. / B.Tech.. ဘွဲ့အတွက် ၁၀၀၀၀/ (ကျပ်တစ်သောင်းတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ x နှစ်လက်မ) အရွယ် ဓာတ်ပုံ (၅)ပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ် ထည့်သွင်းရိုက်ကူးခြင်း မပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။ အကယ်၍ အနောက်တိုင်းဝတ်စုံဖြင့်ရိုက်လျှင် အတွင်းအင်္ကျီမှာ အဖြူရောင် ဖြစ်ရမည်။

၅။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနား တွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက် နိုင်သည်။ (အဆိုပါ အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက် ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။ )

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၁၇-၁၂-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ နည်းပညာတက္ကသိုလ်(သန်လျင်)ရှိ သင်တန်းရေးရာ ဌာနမှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၃၀-၁၂-၂၀၂၅ ရက် (အင်္ဂါနေ့) နောက်ဆုံးထားပြီး လျှောက်ထား ရမည်။ **(အစိုးရရုံးပိတ်ရက်များမပါ)**

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။

**မှတ်ချက်။** အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(သန်လျင်)ရှိ သင်တန်း ရေးရာဌာန ဖုန်း - ၀၉-၂၆၄၈၃၃၃၉၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**နည်းပညာတက္ကသိုလ် (သန်လျင်)**

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း/ သစ်မာ (သစ်လုံး/ခွဲသား) များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ် ပါသည်-

(က) **ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
ကျွန်းသစ်လုံး(ရန်ကုန်) (၂၅၀) တန်ခန့်၊ သစ်မာသစ်လုံး(နယ်) (၁၂၅၀) တန်ခန့်နှင့် ကျွန်းခွဲသား (၃၆) တန်ခန့်

( ခ ) **သစ်အခြေခံစက်မှုလုပ်ငန်းဌာန**
ကျွန်းခွဲသား (၂၄၀) တန်ခန့်

( ဂ ) **ရောင်းချမည့် ရက်နှင့်အချိန်** - ၇-၁-၂၀၂၆ ရက်၊ နံနက် (၉:၀၀) နာရီ

(ဃ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (တင်ဒါကျင်းပ မည့်ရက် ပြောင်းလဲမှု ရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သောကုန်ကြမ်းများအား ဝင်ရောက်ယှဉ်ပြိုင် ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) နှင့် web-site ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ **ဆက်သွယ်ရန် - ဖုန်း-၀၁-၂၈၇၄၃၀၊ ၀၁-၅၂၈၇၇၁၊ ၀၁-၅၂၈၇၆၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ-၂၂၅၃၃) ကို အမည်ပေါက် ဦးမျိုးမင်းသန့် (ဘ) ဦးမျိုးသန့် ၉/မဟမ(နိုင်) ၀၀၃၁၅၅ မှ ဦးနေဝင်းလှိုင် (ဘ) ဦးချစ်လှိုင် ၅/ကသန(နိုင်)၀၅၆၅၂၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ - ၂၈၃ )
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၃၈
### ကွယ်လွန်သူ ဦးမောင်ကို၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ထုံးဘိုကျေးရွာ၌ နေထိုင် ခဲ့သော ကွယ်လွန်သူ ဦးမောင်ကို၏ ကျန်ရစ်သော အမရပူရမြို့နယ်၊ တောတွင် ကျေးရွာအုပ်စု၊ အကွက်အမှတ် (၅၆၄-ဂ/ထုံးဘိုတောင်)၊ ဦးပိုင်အမှတ်(၄/၄)၊ ဧရိယာ ၁ ဒသမ ၈၀ ဧကရှိ ယာမြေကွက်အပေါ်၌ အမွေထိန်းလက်မှတ်ထုတ် ပေးပါမည့်အကြောင်းနှင့် ဒေါ်ဝင်းဝင်းခိုင်က အမွေဆက်ခံခြင်းအက် ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သော ကြောင့် ထိုကွယ်လွန်သူ ဦးမောင်ကို ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်း ကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက် ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဝင်းဝင်းခိုင်၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1W/52854 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/93972, Kamax 110, M/C ယာဉ်လက်ဝယ် ရှိသူ ဦးစောနွဲ့လန်းခွန် ၉/ခအဇ (နိုင်)၀၄၆၄၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/52854 Honda C90 Custom CMV ယာဉ် လက်ဝယ်ရှိသူ ဦးဉာဏ်ဉာဏ်ထွန်း ၉/မနတ(နိုင်)၁၀၃၄၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 45W/29515 Honda Click 125 ယာဉ်လက်ဝယ် ရှိသူ ဦးကျော်ထူး ၁၄/ဟသတ (နိုင်)၀၂၉၂၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/1398 Mitsubishi L200 ယာဉ်လက်ဝယ် ရှိသူ ဦးအောင်သီဟ ၁၃/တကန (နိုင်)၁၉၃၀၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/29027 Honda Scoopyi 110 ယာဉ် လက်ဝယ်ရှိသူ ဒေါ်ငွေကြိုင် ၉/မနမ(နိုင်)၀၃၆၈၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/80729 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမမ ၉/အမဇ(နိုင်)၀၈၁၀၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၀၃

ဦးရွှင်စိုးထိုင် (ခ) မောင်စိန် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးစောလှမင်း) **နှင့်** ဦးမောင်ကို

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (ဘဘ-၁၀)၊ မြရည်နန္ဒာရပ်ကွက်နေ ဦးမောင်ကို (ဘ) ဦးရာကြူး(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးရွှင်စိုးထိုင်(ခ)မောင်စိန် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးစောလှမင်း)က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာ ရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၆) ၊ ဦးပိုင်အမှတ် (၄၂)၊ ဧရိယာ ၀ ဒသမ ၀၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှု လိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အမည်ပြောင်း

ရန်ကုန်မြို့၊ TTC(ကမာရွတ်) Grade-3မှ (ဘ) ဦးမျိုးမင်းထွန်း ၁၂/အစန(နိုင်)၁၇၃၇၆၀ ၏သမီး မလင်းလက်မေအား မမေဆု လာဘ်ပိုင်ဟု ပြောင်းလဲခေါ် ပါရန်။

**မမေဆုလာဘ်ပိုင်**

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဦးမျိုးမင်းထွန်း ၁၂/အစန(နိုင်)၁၇၃၇၆၀ ၏ သား မောင်ဇေခန့်ညားအောင် အား မောင်ဉာဏ်ဘုန်းပြည့်စုံ ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဉာဏ်ဘုန်းပြည့်စုံ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၆၄၅၉၁, Zong Shen Zs 110 ယာဉ်လက်ဝယ် ရှိသူ ဒေါ်စန္ဒာဝင်း ၉/မတရ(နိုင်) ၁၅၇၇၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၁က၊ အုတ်ကျင်းရွာ)၊ ဦးပိုင်အမှတ် (၂၄၈+၂၅၅)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကကို မူလက ဦးသန်းဆွေ အမည်ဖြင့် ၃၀-၃-၂၀၁၉ ရက်ထိ မြေငှားဂရန် သက်တမ်း ရရှိခဲ့ပြီး၊ ဦးပိုင်(၂၅၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအပိုင်းကို ၅-၈-၂၀၂၅ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၂၈၄/၂၀၂၅)အရ ဦးသန်းဆွေက ဒေါ်ဘောက်မိုင် ထံသို့ အိမ်ခြံမြေကွက်မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် ပေးကမ်းခဲ့ပြီး၊ ဒေါ်ဘောက်မိုင် ၁/မကန(နိုင်)၁၀၀၂၄၆ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှား ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ ပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/96921, Super Anbo - 125, M/C ယာဉ် လက်ဝယ်ရှိသူ ဦးကျော်သူစိုး ၉/မတရ(နိုင်)၂၂၅၄၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည်(၇၄၊ ရွှေအိုက်)၊ ဦးပိုင်အမှတ်(၁၀၉၀)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်သည် မူလက ဒုအရခဗ သောင်းရွှေ အမည်ဖြင့် ယာယီမြေပေးမိန့်ရရှိခဲ့ပါသည်။ မူလမြေရှင် ဒုအရခဗ သောင်းရွှေက ၂-၁-၂၀၁၀ ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်ဖြင့် ဒေါ်ချိုချိုဝင်း ၅/အတန(နိုင်)၀၄၆၃၈၀ ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်ချိုချိုဝင်းအမည်ဖြင့် မြေငှားဂရန် (အသစ်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/89005, Honda Scoopy 110 ယာဉ် လက်ဝယ်ရှိသူ ဒေါ်မိုးတင် ၉/မရမ (နိုင်)၀၅၄၅၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/30653, Yamaha DT125, M/C ယာဉ် လက်ဝယ်ရှိသူ ဦးမြင့်သိန်းထွန်း ၉/ပသက(နိုင်)၀၇၈၉၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/66348, Yamaha DT-125, M/C ယာဉ် လက်ဝယ်ရှိသူ ဦးသက်ခိုင်စိုး ၉/ပသက(နိုင်)၁၀၆၇၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်နုနု
### အသက် (၈၈) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂၁)(စီ)၊ အခန်းအမှတ်(2A)၊ စိန်ရတနာလမ်း၊ စိန်ရတနာကွန်ဒိုနေ (ဦးကြင်-ဒေါ်ဂိတ်) တို့၏သမီး၊ ဦးတင်အေး ၏ ချစ်လှစွာသောဇနီး၊ ဦးနေမျိုး- ဒေါက်တာမြင့်မြင့်သန်း၊ ဦးသိုက်စိုး-ဒေါ်ဝင်းမင်းသိန်း၊ ဦးစိုးမိုး-ဒေါ်ခင်စံပယ်ဝင်း၊ ဦးထူးလွင်(ခ)ဦးနိုင်နိုင်တိုး-ဒေါ်ယဉ်ယဉ်သိန်း တို့၏ မွေးသမိခင်၊ မြေး (၈) ယောက်တို့၏အဘွား ဒေါ်နုနု အသက် (၈၈) နှစ်သည် ၁၆-၁၂-၂၀၂၅ ရက် (အင်္ဂါနေ့) ည ၁၁:၃၇ နာရီတွင် ကန်သာယာဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသောကြောင့် ၁၈-၁၂-၂၀၂၅ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့်အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁၂-၂၀၂၅ ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါ၍ အထက်ပါ နေအိမ်သို့ ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နုနု
### အသက်(၈၈)နှစ်

သူငယ်ချင်း ဦးထူးလွင်(နိုင်နိုင်တိုး)၏ မိခင်ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်နုနု၊ အသက်(၈၈)နှစ်သည် (၁၆-၁၂-၂၀၂၅) ရက်နေ့ ည (၁၁:၃၇)နာရီတွင် ကန်သာယာဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၆)မှသူငယ်ချင်းများနှင့်မိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်နုနု
### အသက် (၈၈) နှစ်

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်နုနု အသက် (၈၈) နှစ်သည် ၁၆-၁၂-၂၀၂၅ ရက် (အင်္ဂါနေ့) ည ၁၁:၃၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝန်ထမ်းမိသားစုများ**

### ဒေါ်မာမာဝင်း
### အသက် (၇၂) နှစ်

မန္တလေးမြို့ (နန်းရှေ့) နေ (ဦးတင်ဝင်း-ဒေါ်မြမြကြည်) တို့၏သမီး၊ ဦးမိုဃ်းကျော် (လက်ထောက်ထွေ/ဂျာ- အင်/ယာ (ငြိမ်း)) မြန်မာ့သစ်လုပ်ငန်း၏ ချစ်လှစွာသောဇနီး၊ ဒေါ်ယင်းမာမိုး- ဦးသန်းမင်းစော၊ ဒေါ်အင်ကြင်းမိုး၊ မရွှေသဇင်မိုးတို့၏ ချစ်လှစွာသော မိခင်၊ မောင်ဟန်ထက်စော၊ မောင်မင်းစောကောင်း တို့၏ ချစ်လှစွာသောအဘွား ဒေါ်မာမာဝင်း အသက် (၇၂) နှစ်သည် ၁၆-၁၂-၂၀၂၅ ရက် ည (၁၁:၃၃) နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် (၁၈-၁၂-၂၀၂၅) ရက် နံနက် (၁၁:၀၀) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုလ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာဖြင့် အသိပေးဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၆/ဈေးကွက်၊ ဦးပိုင်အမှတ် ၂၅၁ဃ၊ ဧရိယာ ၀.၀၁၈ ဧကရှိသောမြေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးဝင်းလှိုင်ပါ (၂) တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် မတိုင်ခင် ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်မြို့နယ်မြေစာရင်းဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 32W/58589, Suzuki Smash 112 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းဝေနိုင် ၇/ပမန(နိုင်)၁၁၇၅၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/56211, ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင် ၁၁/ကတန(နိုင်) ၀၂၅၇၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်နုနု
### အသက် (၈၈) နှစ်

သူငယ်ချင်း ဦးနေမျိုး ၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်နုနုသည် ၁၆-၁၂-၂၀၂၅ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၂၅) မှ သူငယ်ချင်းများနှင့် မိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်နုနု
### အသက် (၈၈) နှစ်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်နုနု အသက်(၈၈)နှစ်သည် (၁၆-၁၂-၂၀၂၅) ရက်၊ (အင်္ဂါနေ့)၊ ည (၁၁:၃၇) နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး**
**ဝန်ထမ်းမိသားစုများ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်နုနု
### အသက် (၈၈) နှစ်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး - ဒေါ်ဝင်းမင်းသိန်း တို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်နုနုသည် ၁၆-၁၂- ၂၀၂၅ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် နှင့် ဝန်ထမ်းများ**
**သမဝါယမဦးစီးဌာန**

### မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်နုနု
### အသက် (၈၈) နှစ်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး - ဒေါ်ဝင်းမင်းသိန်းတို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်နုနုသည် ၁၆-၁၂- ၂၀၂၅ ရက် (အင်္ဂါနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် နှင့် ဝန်ထမ်းမိသားစုများ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်နုနု
### အသက် (၈၈) နှစ်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး - ဒေါ်ဝင်းမင်းသိန်း တို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်နုနုသည် ၁၆-၁၂- ၂၀၂၅ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် နှင့် ဝန်ထမ်းများ**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 56W/56211 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရောဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်နေ ဦးအေးဆွေ-ဒေါ်တင်တင်ယုတို့၏သား မောင်ဝင်းမော်ဦး(ခေါ်)ထက်ကောင်းစံ ၁၄/မမက (နိုင်)၂၃၂၈၅၁ သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးအေးဆွေ-ဒေါ်တင်တင်ယု**

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်နုနု
### အသက် (၈၈) နှစ်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်နုနု အသက် (၈၈) နှစ်သည် ၁၆-၁၂-၂၀၂၅ ရက် (အင်္ဂါနေ့)၊ ည(၁၁:၃၇) နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဝန်ထမ်းမိသားစုများ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
### အလ်ဟာဂျာမာလေကာ(ခ)ဒေါ်ကြည်ကြည်
### ပြည်မြို့
### စန္ဒာသီရိအော့(ဖ်)ဆက်မိခင်ကြီး
### အသက် (၁၀၁) နှစ်

KAFTG ကာဒေ့ရီယဟ်၊ ကျစ်ရှ်တီယဟ်၊ အဗုလ်အိုလာအီယဟ်၊ ဖွိုက်ယာဇီယဟ်၊ တဝပ်ဂျိုးဟ်ဃရာနာ တရီကာအဖွဲ့ချုပ်၏ ဦးစီးရှေ့ဆောင် ရာပြည့်သခင်ကြီး ခလီဖွဟ် ဦးမောင်မောင်ကြီး၏ မိရီသ်၊ ခလီဖွဟ်ဦးသိန်းဝင်းအောင်၊ ပညာသင်စဉ်မိခင်ကဲ့သို့ ကူညီစောင့်ရှောက်ခဲ့သော ရာပြည့်ဖွားဖွား အလ်ဟာဂျာမာလေကာဘီ (ခ)ဒေါ်ကြည်ကြည် အသျှင့်ဂရုဏာတော်ခံယူ ကွယ်လွန်သွားခြင်းအတွက် ခလီဖွဟ် ဦးသိန်းဝင်းအောင်နှင့် ဘရီကာဝင်များက အထူးဝမ်းနည်းကြေကွဲရပါကြောင်း မက္ကာ၊ မဒီနာ၊ ဘဂ္ဂဒက်ခရီးစဉ်များတွင် ဒိုအာပြုဆုမွန်တောင်း၍ ၁၇-၁၂-၂၀၂၅ ရက်တွင် သန်လျင်ငါးပါးသခင် ဒါရ်ဂါတော်၌ ရက် (၄၀) အကြိုကုရ်အာန်ခသာမ်ဖတ်ရွတ် ဒိုအာပြုပို့ပါသည်။ အားလုံးလည်း ဒိုအာပြုကြပါရန်။

**အလ်ဟဂ်ျခလီဖွဟ်ဦးသိန်းဝင်းအောင်နှင့်**
**တရီကာဝင်များ**

### မိဘအမည်မှန်

မိတ္ထီလာမြို့နယ်၊ သီးကုန်းကျေးရွာအုပ်စု၊ အထက(ခွဲ) တုန်းအိုင် Grade-10 မှ မဝေဇင်ဖြိုး၏ မိဘအမည်မှန်မှာ ဦးအေးကို ၉/မထလ (နိုင်)၁၉၅၄၂၃ နှင့် ဒေါ်မြင့်မြင့်ရီ ၉/မထလ(နိုင်)၂၉၀၂၂၇ ဖြစ်ပါကြောင်း။

**ဦးအေးကိုနှင့် ဒေါ်မြင့်မြင့်ရီ**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(ထင်းရှူး) Grade-7 မှ (ဘ) ဦးလွတ်ထော်၏သား မောင်အောင်လင်းဦးနှင့် မောင်အောင်မင်းဦး တို့၏ ဖခင်အမည်မှန်မှာ ဦးမန်လွတ်တော် ၁၀/သဖရ(နိုင်)၁၁၈၈၅၂ ဖြစ်ပါကြောင်း ။

**ဦးမန်လွတ်တော်**

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်နုနု
### အသက် (၈၈) နှစ်

ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးထူးလွင် ၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်နုနု အသက် (၈၈) နှစ်သည် ၁၆-၁၂-၂၀၂၅ ရက် (အင်္ဂါနေ့) ည ၁၁:၃၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သဃ်န်းကျွန်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများမှ အရာထမ်း၊ အမှုထမ်းများ**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/70962, Honda Click -150 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၁၄/ဟသတ(နိုင်) ၂၅၆၈၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ် (၁၆၃၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးကျော်မြင့် နှင့် ဒေါ်စံပယ်လွင် (၁၀/သထန (နိုင်) ၀၁၆၇၉၀)တို့ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မျိုးဥမ္မာ (၁၂/သလန (နိုင်) ၀၇၄၅၀၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးလင်းကို (၁၂/ဥကမ (နိုင်) ၁၉၂၉၀၁)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၇/ဘီ)၊ ရတနာအိမ်ရာ (၁)၊ မြေကွက်အမှတ် (၈၈)၊ [လူနေရပ်ကွက်အခေါ်အဝေါ် အမှတ် (၈၈)၊ ရတနာအိမ်ရာ၊ (၆၇/ဘီ) ရပ်ကွက် ] အကျယ်အဝန်း (၁၁၀'x၉၈') ဧရိယာ (၀.၂၄၇) ဧကရှိ နှစ် (၆၀) မြေငှားဂရန် မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ RC (၂) ထပ် အဆောက်အအုံ၊ ရေမီးစုံအပါအဝင် ယင်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဦးနေဝင်းထူး (၁၂/တမန(နိုင်)၀၈၉၃၇၇)၊ ဒေါ်ဝင်းဝင်းဟန် (၁၂/မဂတ(နိုင်)၀၄၅၉၁၅) တို့၏ အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ် (၆၀) မြေငှားဂရန်မြေကွက်ဖြစ်ပြီး ၎င်းတို့ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ နှစ်ဦးသဘောတူ မြေနှင့် အဆောက်အအုံ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်-၈၆၈၈/ ၂၀၂၅အရ တရားဝင်ရရှိ ပိုင်ဆိုင်ထားသူ ဦးမြတ်မင်းထွဋ် (၁၂/ဥကတ(နိုင်) ၁၆၄၁၂၉) မှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ယင်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့်အဆောက်အအုံအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L) | ဒေါ်ညီမှာ (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈) | အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆) |
| | အခန်းအမှတ် (308)၊ Office Tower (3), Time City, |
| | ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ |
| | ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅ |

❖ မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ်...

❖ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့ အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ပြုလုပ်သော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်နှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကားပြောကြားစဉ်။

# ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြုပြီး မန္တလေး-လားရှိုးလမ်းပိုင်းရှိ ပြင်ဦးလွင်-ဇီးပင်ကြီး-ပြင်ဦးလွင် ရထားခရီးစဉ်နှင့် RBE ရထားဖြင့် ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ခရီးစဉ်စတင်ပြေးဆွဲပေးမည်

နေပြည်တော် ဒီဇင်ဘာ ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ မန္တလေး-လားရှိုး လမ်းပိုင်းရှိ ဇီးပင်ကြီး-ပြင်ဦးလွင်-ဂုတ်ထိပ် လမ်းပိုင်းတွင် ပြည်တွင်းမှ ခရီးသွားလာမည့် ပြည်သူများ၊ နိုင်ငံခြားသား ခရီးသွားလာသူများအား

စာမျက်နှာ ၁၆ ကော်လံ ၁ ❖




## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပထမနှစ် အဝေးသင် သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်အဝေးသင် သင်တန်းဝင်ခွင့်ရရှိသူများစာရင်းကို ၁၇-၁၂-၂၀၂၅ ရက်နေ့မှစတင်၍ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန website: www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website: www.dhe.gov.mm တို့တွင်လည်းကောင်း ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

ယနေ့ သတင်းအညွှန်း

မြန်မာနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာ လှေအားကစားနည်းမှ ကြေးတံဆိပ်တစ်ခု၊ ဘိလိယက်နှင့် စနူကာအားကစားနည်းမှ ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးရရှိ

ပြည်တွင်းသတင်း စာ ၁၆